# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

## ပထမနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

## (၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် ရက်စွဲပါကြေညာချက်အမှတ် (၃၉/၂၀၁၂) အရ တပ်မတော်သားကိုယ်စားလှယ် ၂ ဦး၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် (၄၁/၂၀၁၂) အရ တပ်မတော်သားကိုယ်စားလှယ် ၁၃ ဦး၊ စုစုပေါင်း တပ်မတော်သားကိုယ်စားလှယ် ၁၅ ဦး ပြောင်းလဲထားရှိပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦး အနေဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ခ) အရ ဥက္ကဋ္ဌ၏ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ယခုကတိသစ္စာပြုရမည့် ကိုယ်စားလှယ်များ မိမိစားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာများကိုယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့ နေရာမှာနေရာယူပေးရန်ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကိုတိုင်ပေးတဲ့အခါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၁၅ ဦးက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမ အတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။

**[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက ကတိသစ္စာပြုပါသည်။]**

"ကျွန်ုပ် ----------------သည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ။** ။ အားလုံးထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ယခု ကတိသစ္စာပြုပြီးသည့် ကိုယ်စားလှယ် ၁၅ ဦးဟာ မိမိအတွက် သတ်မှတ်ထားတဲ့နေရာသို့ ပြန်လည်နေရာယူပြီး ဥက္ကဋ္ဌရဲ့ရှေ့မှောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုလွှာပေါ်တွင် မိမိရဲ့အမည်၊ ရာထူးကိုရေးသားပြီး လက်မှတ်ရေးထိုးရန်နှင့် အစည်းအဝေးအပြီးမှာ လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာများအပ်နှံရန် ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၈၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၀.၄၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၈-၁၀-၂၀၁၂ ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်သည့်အတွက် ခွင့်ပန်ကြားထားသည့် ကိုယ်စားလှယ်များ၏အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ဥက္ကဋ္ဌဖြစ်သူ ဦးမောင်ဦးမှ စုပေါင်းခွင့်ပန်ကြားခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

ယနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၂၉ ဦး၊ တက်ရောက်သူဦးရေ ၃၈၈ ဦး ရှိပြီး ခွင့်ပန်ကြားထားသူ ၄၁ ဦးရှိပါတယ်ခင်ဗျား။ ၎င်း ၄၁ ဦးရဲ့ အမည်စာရင်းအသေးစိတ်မှာတော့-

(၁) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၄၉ ရက်၊

(၂) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၉ ရက်၊

(၃) ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မင်း အစည်းအဝေးပြီးဆုံးသည့်အထိ၊

(၄) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း (ခ) ဦးထွန်းထွန်း အစည်းအဝေးပြီးဆုံးသည့်အထိ၊

(၅) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၂ ရက်၊

(၆) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၂ ရက်၊

(၇) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၂ ရက်၊

(၈) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၂ ရက်၊

(၉) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၂ ရက်၊

(၁၀) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၂ ရက်၊

(၁၁) သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်၊

(၁၂) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၃ ရက်၊

(၁၃) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၂ ရက်၊

(၁၄) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၂ ရက်၊

(၁၅) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၂ ရက်၊

(၁၆) ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာ ခွင့် ၉ ရက်၊

(၁၇) တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၂ ရက်၊

(၁၈) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၂ ရက်၊

(၁၉) ရွှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၂၀) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၂ ရက်၊

(၂၁) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၂ ရက်၊

(၂၂) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၂ ရက်၊

(၂၃) နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း ခွင့် ၂ ရက်၊

(၂၄) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၂ ရက်၊

(၂၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မြင့်အောင် ခွင့် ၂ ရက်၊

(၂၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်အောင်ကျော် ခွင့် ၂ ရက်၊

(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်း ခွင့် ၂ ရက်၊

(၂၈) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၇ ရက်၊

(၂၉) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်(လ်)ဆင် (ခ) ဦးဆောင်ဆီ ခွင့် ၂ ရက်၊

(၃၀) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၁ ရက်၊

(၃၁) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်၊

(၃၂) မိုးညှိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၃၃) ကဝမဲဆန္ဒနယ်မှ ဦးဝင်းစိန် ခွင့် ၂ ရက်၊

(၃၄) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၅) မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၂ ရက်၊

(၃၆) တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ ခွင့် ၂ ရက်၊

(၃၇) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၅ ရက်၊

(၃၈) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၃၉) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၇ ရက်၊

(၄၀) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၂ ရက်၊

(၄၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၂ ရက်၊

ယခု စုပေါင်းတင်ပြသူ စုစုပေါင်းကိုယ်စားလှယ် ၄၁ ဦး၏ ခွင့်ပန်ကြားမှုအား ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၁ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေ။ ပြည်သူ့အကျိုး၊ အများအကျိုး၊ နိုင်ငံ့အကျိုးပိုမို ဆောင်ရွက်နိုင်ကြပါစေလို့ဆန္ဒပြုရင်း ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတင်တဲ့နေ့မှာ နှုတ်ခွန်းဆက်သပါတယ်။ လွှတ်တော်များ၊ ပါလီမန်များ၊ ကွန်ဂရက်များဟာ ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးနှင့် ရှင်သန်ရေးတွင် အဓိက အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေပါတယ်။ သို့ဖြစ်၍ ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော လွှတ်တော်များရဲ့ စေတနာနှင့် အရည်အချင်းဟာ မည်မျှအရေးကြီးကြောင်း သိရှိထားရန် လိုပါတယ်။ ထို့အတူ လွှတ်တော်ရဲ့အခွင့်အရေး၊ ပြည်သူ့ကိုယ်စားလှယ်များရဲ့ အခွင့်အရေးများကို ထိုက်တန်စွာနှင့် ထိရောက်စွာအသုံးပြုနေကြရန်လည်း လိုအပ်ပါတယ်။ ဒီအခွင့်အရေးများကို ဆောင်ရွက်ရာတွင် ပြည်သူ့အသံများ၊ ပြည်သူ့ဆန္ဒများနှင့် ပြည်သူများ၏ မျှော်လင့်ချက်များကို အမှန်တကယ် လွှတ်တော်များက ဖော်ဆောင်ပေးနိုင်ရေးသည် အထူးအရေးကြီးလှပါတယ်။ လွှတ်တော်

ကိုယ်စားလှယ်များခင်ဗျား။ ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒီမိုကရေစီစနစ်ရှင်သန်နိုင်မှာ ဖြစ်ပါတယ်။ ထို့အတူ တည်ငြိမ်အေးချမ်းမှုရှိမှလည်း တရားဥပဒေစိုးမိုးရေး (Rule of Law) ရှိမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် အပြန်အလှန် အမှီသဟဲပြုပြီး အကျိုးသက်ရောက်မှုများလည်း ရှိနေကြတာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုး ဖြစ်ထွန်းရေးအတွက် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို မည်သူမဆို လိုက်နာကြရမည်။ မလိုက်နာသူ၊ ပျက်ကွက်သူ၊ ဖောက်ဖျက်သူကို တည်ဆဲဥပဒေအရ အရေးယူပါမည်။ ဥပဒေအရ အရေးယူဆောင်ရွက်ရန် ပျက်ကွက်သူကို သို့မဟုတ် အဖွဲ့အစည်းကိုလည်း ပြည်သူများ သို့မဟုတ် ပြည်သူ့ကိုယ်စားလှယ်များက ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူနိုင်ရေးအတွက် ဆောင်ရွက်ခွင့်ရှိနေရမည်။ အရေးယူဆောင်ရွက်ကြရမည်ဖြစ်၍ ထိုကိစ္စ၊ ထိုဖြစ်စဉ်များကို လက်တွေ့နယ်ပယ်တွင် အရေးယူဆောင်ရွက်နေမှုများ ရှင်သန်နေရန် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များတွင် တာဝန်ရှိနေသည်ဟု ခံယူပြီး မိမိလွှတ်တော်နယ်မြေရှိ ပြည်သူလူထုအားလုံးပါဝင်ရေးအတွက် ဆောင်ရွက်ကြပြီး မိမိတို့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုပါတယ်။ ထို့အတူ ဆောင်ရွက်ရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များသည် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် အယူဝါဒအစွဲမထားရှိဘဲ နိုင်ငံ့အကျိုး၊ နိုင်ငံသားအကျိုး၊ ပြည်ထောင်စုအကျိုးအတွက် မျှမျှတတဖြစ်စေရေးအတွက် အဓိကထားပြီး ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တင်ပြရင်း နှုတ်ခွန်းဆက်သနိဂုံးချုပ်လိုက်ပါတယ်။ (သြဘာသံများ)

## ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးနှင့် ပဉ္စမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သြစတြေးလျနိုင်ငံ သြစတြေးလျ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌတို့ရဲ့ ဖိတ်ကြားချက်နှင့် စင်ကာပူသမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌတို့ရဲ့ ဖိတ်ကြားချက်များအရ ကျွန်တော် ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၂၆ ရက်နေ့ အထိ သြစတြေးလျနိုင်ငံ၊ စင်ကာပူနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပါတယ်။ ဒါ့အပြင်

စတုတ္ထပုံမှန်အစည်းအဝေးနှင့် ပဉ္စမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အောက်ပါခရီးစဉ်များကိုလည်း သွားရောက်ခဲ့ပါတယ်-

(က) ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေါင်းဆောင်တဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့၏ ၈-၇-၂၀၁၂ ရက်နေ့မှ ၁၂-၇-၂၀၁၂ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံသို့ အာဆီယံပါလီမန်အမတ်များ ညီလာခံအမှုဆောင်အစည်းအဝေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်ရှာဖွေရေးကော်မတီရဲ့ နဝမအကြိမ် အစည်းအဝေး တက်ရောက်ခဲ့တဲ့ ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် ခေါင်းဆောင်တဲ့ အဖွဲ့ဝင် ၁၄ ဦး ပါဝင်သော အဖွဲ့၏ ၁၆-၈-၂၀၁၂ ရက်နေ့မှ ၂၅-၈-၂၀၁၂ ရက်နေ့အထိ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ် ခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၈ ဦးပါဝင်သောအဖွဲ့၏ ၉-၉-၂၀၁၂ ရက်နေ့မှ ၁၄-၉-၂၀၁၂ ရက်နေ့အထိ အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေးခရီးစဉ်၊

(ဃ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၂ ဦးပါဝင်သော အဖွဲ့၏ ၁၆-၉-၂၀၁၂ ရက်နေ့မှ ၂၂-၉-၂၀၁၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့ပြီး (၃၃) ကြိမ်မြောက် AIPA ညီလာခံတက်ရောက်ခဲ့သည့် ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ် နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ပါဝင်သောအဖွဲ့၏ ၂၄-၉-၂၀၁၂ ရက်နေ့မှ ၁-၁၀-၂၀၁၂ ရက်နေ့အထိ အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး (၆၇) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်၊

(စ) အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦးပါဝင်သော အဖွဲ့၏ ၁၅-၁၀-၂၀၁၂ ရက်နေ့မှ ၁၉-၁၀-၂၀၁၂ ရက်နေ့အထိ ဂျာမနီနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဆ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ခေါင်းဆောင်သည့် အဖွဲ့ဝင် ၉ ဦး ပါဝင်သောအဖွဲ့၏ ၁၅-၁၀-၂၀၁၂ ရက်နေ့မှ ၁၉-၁၀-၂၀၁၂ ရက်နေ့ထိ အိန္ဒိယနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည့်ခရီးစဉ် တို့ဖြစ်ပါတယ်။

ဒီကိုယ်စားလှယ်များရဲ့ ခရီးစဉ်များကိုလည်း မှတ်တမ်းတင်ထားရှိရန် လိုအပ်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အထက်ပါခရီးစဉ် တင်ပြချက်များနှင့် စပ်လျဉ်းပြီး မှတ်တမ်းတင်ထားရှိနိုင်ရန် လွှတ်တော်ရဲ့ဆန္ဒရယူလိုပါတယ်။ မှတ်တမ်းတင်ရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[**သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ **]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အထက်ပါတင်ပြချက်ကို ပြည်သူ့လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မေးခွန်းများ မေးမြန်းခြင်းနှင့်ပတ်သက်၍ မည်သို့မည်ပုံဆောင်ရွက်နေကြောင်း၊ အချို့သော လွှတ်တော်ကိုယ်စားလှယ်များသည် မေးခွန်းအား ၆၊ ၇၊ ၈ ကြိမ်ထိ မေးမြန်းခွင့် အဘယ်ကြောင့် ရရှိကြောင်း သိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်းအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးခွန်းများ မေးမြန်းခြင်းနှင့်ပတ်သက်ပြီး သိလိုသည့်အချက်ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့အတိုင်း မိမိတို့ကို ရွေးချယ်ပေးလိုက်တဲ့ ပြည်သူလူထုရဲ့ကိုယ်စား လွှတ်တော်မှာ မေးခွန်းတွေ မေးမြန်းပြီး ဖြည့်ဆည်းပေးနေတယ်ဆိုတာလည်း အားလုံးအသိ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း လွှတ်တော်နှင့် ထိုက်တန်တဲ့ တိုင်းပြည်တစ်ခုလုံးနှင့်ခြုံငုံမိတဲ့မေးခွန်းတွေ တိုင်းဒေသကြီးနှင့်ပြည်နယ်နဲ့ ခြုံငုံမိတဲ့ မေးခွန်းတွေ မေးမြန်းဖို့လိုအပ်သလို မေးခွန်းများ မေးမြန်းစေတဲ့နေရာမှာလည်း အဲဒီလိုမေးခွန်းတွေကို ဦးစားပေး မေးစေသင့်ကြောင်း သုံးသပ်မိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ဥက္ကဋ္ဌကြီး၏ လမ်းညွှန်ချက်အရ မေးခွန်းပေါင်း ၈၈၈ ခု မေးမြန်းထားကြောင်း သိရှိရပါတယ်။ အဲဒီမေးမြန်းထားသည့်အထဲကနေပြီးတော့ မေးခွန်းမေးမြန်းသူ ၉၆ ဦးက မေးခွန်းပေါင်း ၁၆၆ ခု မေးမြန်းခဲ့တာကို လေ့လာသုံးသပ်မှတ်မိလိုက်ပါတယ်။ တစ်ကြိမ်မေးခွန်းမေးမြန်းခွင့်ရရှိသူ ၆၂ ဦး၊ နှစ်ကြိမ်မေးခွန်းမေးမြန်းခွင့်ရရှိသူ ၁၉ ဦး၊ သုံးကြိမ်မေးခွန်းမေးမြန်းခွင့်ရရှိသူ ၆ ဦး၊ လေးကြိမ်မေးခွန်းမေးမြန်းခွင့်ရရှိသူ ၇ ဦး၊ ငါးကြိမ်မေးခွန်းမေးမြန်းခွင့်ရရှိသူ ၂ ဦး၊ ခုနစ်ကြိမ်မေးခွန်းမေးမြန်းခွင့်ရရှိသူ ၂ ဦး၊ ရှစ်ကြိမ်မေးခွန်းမေးမြန်းသူ ၁ ဦး အသီးသီးမေးခွန်းတွေကို မေးမြန်းခွင့်ရရှိသွားတာကို တွေ့ရပါတယ်။ ကျန်တဲ့အများစုအနေနဲ့ မေးခွန်းများ မေးမြန်းနိုင်ခွင့်မရှိခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့်မို့ မေးခွန်းများ မေးမြန်းတဲ့အခါမှာ မျှတမှုရှိအောင် စီစဉ်ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်မယ်လို့ သုံးသပ်မိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်အတွင်း မေးမြန်းတဲ့ မေးခွန်းများနှင့်ပတ်သက်ပြီးတော့ မည်သို့မည်ပုံ ဆောင်ရွက်ပေးနေသည်ကို သိလိုပါ၍ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ တာဝန်ရှိသူမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းရဲ့ မေးခွန်းကို ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ မေးခွန်းတွေ ပို့တဲ့အခါမှာ လွှတ်တော်ရုံးက လက်ခံရရှိတဲ့နေ့စွဲအလိုက်၊ ဝင်စာအမှတ်အလိုက်၊ အစီအစဉ်အလိုက် လက်ခံ ထားပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တိုင်း မေးခွန်းမေးခွင့်ရှိပါတယ်။ မေးခွန်းမေးမြန်းမှု အပေါ်မှာ ကန့်သတ်ထားခြင်းမရှိပါဘူး။ မေးခွန်းမေးတဲ့သူတွေ ပေးပို့တဲ့ ဝင်စာအစီအစဉ်အလိုက် ပြည်သူ့လွှတ်တော်ရုံးက စုစည်းပြီး မေးခွန်းများ ဖြေကြားဖို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနကို ဆောင်ရွက်ပေးဖို့ အစိုးရအဖွဲ့ရုံးကို ပေးပို့ပါတယ်။ အစိုးရအဖွဲ့ကို မေးခွန်းများပေးပို့တဲ့ အခါမှာလည်းပဲ အရင်ရရှိပြီးတဲ့ မေးခွန်းကို အရင်ပို့ပြီး နောက်မှရောက်တဲ့ မေးခွန်းကို နောက်မှ ပေးပို့ခြင်းရှိပါတယ်။ အစိုးရအဖွဲ့ကို မေးခွန်းတွေပေးပို့တဲ့ ရက်စွဲ၊ စာအမှတ်တွေကို လွှတ်တော်ရုံးမှာ မှတ်တမ်းတင်ထားရှိပါတယ်။ အစိုးရအဖွဲ့ကနေပြီးတော့ ကြယ်ပွင့်ပြမေးခွန်းများ ဖြေကြားရန် အဆင်သင့်ဖြစ်ကြောင်း ပြန်ကြားလာတဲ့အခါ လွှတ်တော်အစည်းအဝေးဌာနက နေ့စဉ်အစည်းအဝေး အစီအစဉ်မှာ ညှိနှိုင်းပြီး အစီအစဉ်ရေးဆွဲကာ သက်ဆိုင်ရာဝန်ကြီးဌာနသို့ လာရောက် ဖြေကြားပေးရန် ရက်နှင့်အချိန်သတ်မှတ်ပြီး အကြောင်းကြားပါတယ်။ လာရောက်ဖြေကြားတဲ့ ဝန်ကြီးဌာနအလိုက် ဖြေကြားမယ့်မေးခွန်းတွေကို စုစည်းပြီး လွှတ်တော်အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းပေးလျက် ရှိပါတယ်။ လွှတ်တော်မှာ မေးခွန်းတွေ ဖြေကြားဖို့ ကြန့်ကြာလျက်ရှိသည်မှာလည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန ဖြေကြားရန် အကြောင်းကြားမှု ကြန့်ကြာသောကြောင့် ဖြစ်တာ သိရပါတယ်။ အချို့မေးခွန်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန် အချိန်ယူစိစစ်ရတဲ့အတွက် အချိန် ကြန့်ကြာတတ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် နည်းဥပဒေမှာ ပြဋ္ဌာန်းချက်တွေအရ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဟာ လွှတ်တော်အစည်းအဝေးတစ်ကြိမ်လျှင် မေးခွန်း ၁၀ ခုအထိ မေးခွင့်ရှိပါ တယ်။ ဒါကြောင့်မို့လို့ မေးခွန်းမေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းအရေအတွက်အလိုက်

ဖြေကြားခွင့်ရရှိခြင်း ဖြစ်ပါတယ်။ လွှတ်တော်အနေနဲ့ မေးခွန်းတွေကို ထိန်ချုန်ခြင်း၊ မေးခွန်းမေးတဲ့ ပုဂ္ဂိုလ်များကို ကန့်သတ်ခြင်း ဆောင်ရွက်ထားမှု လုံးဝမရှိပါဘူး။ ဒါကြောင့်မို့လို့ မေးခွန်းအရေးအတွက် အနည်းအများ ဖြစ်ခြင်းသည် မေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းအနည်းအများပေါ် မူတည်ပြီးတော့ မေးခွန်းတစ်ခုမှ ရှစ်ခုအထိ ဝန်ကြီးဌာနရဲ့ ဖြေကြားမှုနှင့် ဖြေကြားခြင်း ဖြစ်ပါတယ်။ မေးခွန်းမေးမြန်းမှုပေါ် မူတည်ပြီးတော့ မေးခွန်းဖြေကြားတဲ့ အစီအစဉ်အနေနဲ့ အနည်းအများ ရှိနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးလှထွန်းရဲ့မေးခွန်းကို ဒေါက်တာစိုးရင်၊ အခွင့်အရေးကော်မတီအတွင်းရေးမှူးက ဖြေကြားပြီးသွားပါပြီ။ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့လည်း ဆက်လက်ပြီးတော့ ရှင်းလင်းတင်ပြလိုတာရှိပါတယ်။ မေးခွန်းများ၊ အဆိုများအပါအဝင် လွှတ်တော်မှာ စနစ်တကျစီစဉ်ဆောင်ရွက်နိုင်ဖို့ အဓိကတာဝန်ရှိသူမှာ မိမိလွှတ်တော်ဥက္ကဋ္ဌဖြစ်ပါတယ်။ ဦးလှထွန်းတင်ပြသလို မေးတဲ့မေးခွန်းများ၊ အခြားတင်ပြထားသလို အဆိုများနှင့်ပတ်သက်ပြီးတော့ ဦးစွာစစ်ဆေးဖို့၊ စိစစ်ဖို့ဟာ လွှတ်တော်ဥက္ကဋ္ဌမှာ တာဝန်ရှိပါတယ်။ တာဝန်ရှိတာနှင့်အညီ ပိုမိုပြီးတော့ အဆင်ပြေအောင်နဲ့ စနစ်တကျရှိအောင် သီးခြားအဖွဲ့တစ်ဖွဲ့ ရှိပါတယ်။ မေးခွန်းများကိုစိစစ်ဖို့၊ အဆိုများကို စိစစ်ဖို့ ဒီမေးခွန်း၊ အဆိုများအသင့်ဖြစ်ပါပြီ။ လာရောက်ဖြေကြားနိုင်ပါပြီဆိုတဲ့ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ပြန်ကြားချက်ပေါ်မူတည်ပြီးတော့ မိမိတို့ကျင်းပနေတဲ့ လွှတ်တော်အစည်းအဝေးများရဲ့ နေ့အလိုက် Agenda တွေမှာထည့်သွင်းပေးရပါတယ်။ အဲ့လိုပေးတဲ့ နေရာမှာလည်းစီစဉ်ထားတဲ့အတိုင်း Agenda မှာပါသော်လည်း တချို့ တချို့သောဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ဒီနေ့မှာတက်ရောက်ဖြေကြားနိုင်ခြင်းမရှိပါဘူး။ ခရီးသွားစရာရှိပါတယ်။ အခြားတာဝန်ရှိပါတယ်ဆိုတဲ့အတွက်ကြောင့်လည်း ဆွဲထားတဲ့ Agenda တွေ ပြန်လည်ပြောင်းလဲလိုက်ရတာတွေလည်းရှိပါတယ်။ ထိုအချိန်ကတော့ ဝန်ကြီးဌာနတိုင်းမှာ ဒုတိယဝန်ကြီးများ မရှိတဲ့အတွက် ဝန်ကြီးတစ်ဦးတည်းသာရှိတဲ့ ဝန်ကြီးဌာနများကျတော့ ခုနပြောတဲ့အခက်အခဲမျိုးတွေလည်းကြုံတွေ့ရတာရှိပါတယ်။ တစ်ခါ ခုနက ဆရာကြီးဒေါက်တာစိုးရင် ရှင်းလင်းတင်ပြသလိုပဲ မိမိရဲ့အခွင့်အရေးကို သေသေချာချာအသုံးပြုလိုတဲ့၊ အသုံးပြုနိုင်တဲ့ပုဂ္ဂိုလ်များကတော့ လွှတ်တော်အစည်းအဝေးမစခင် သတ်မှတ်ထားတဲ့ရက်မတိုင်ခင်မှာကိုက မေးခွန်းကိုတန်းစီပြီးတော့ ၁၀ ခု လောက်ရေးပြီးတော့ ကြိုပြီးပို့ထားတာရှိပါတယ်။ အဆိုတွေလည်း ဒီအတိုင်းပါပဲ ကြိုပြီးတော့ပို့ထားတာတွေရှိပါတယ်။ တချို့ လွှတ်တော်ကိုယ်စားလှယ်များကျတော့ မေးခွန်းလည်းတစ်ခုမှမေးထားခဲ့တာ

မတွေ့ရပါဘူး။ မေးတော့လည်း နောက်ကျမှရောက်လာတာတွေရှိပါတယ်။ ရောက်လာတဲ့မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ပြီးခဲ့တဲ့ကာလအထိ တင်သမျှမေးခွန်းကို အတားအဆီးမရှိ၊ အကန့်အသတ်မရှိ သက်ဆိုင်ရာပြည်ထောင်စုအဆင့်များကို ပေးပို့ပါတယ်။ အဲ့လိုပေးပို့တဲ့နေရာမှာလည်း မူလတုန်းကတော့ ဒီမေးခွန်းများ၊ အဆိုများကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် သို့မဟုတ် ဝန်ကြီးဌာနများကို တိုက်ရိုက်ပေးခွင့်ရှိပါတယ်။ သို့ရာတွင် အစိုးရအဖွဲ့ရဲ့မေတ္တာရပ်ခံချက်အရ ဒီမေးခွန်းများ၊ အဆိုများ ပေးပို့တဲ့အခါမှာ အစိုးရအဖွဲ့ကိုပေးပို့ပါ။ အစိုးရအဖွဲ့ကလည်း သက်ဆိုင်ရာများကိုပေးပို့ပြီးတော့ အဲ့ဒီမေးခွန်း၊ အဆိုများကို အစိုးရအဖွဲ့ကအသင့်ဖြစ်ကြောင်း၊ ဖြေကြားနိုင်ပြီဖြစ်ကြောင်း လွှတ်တော်များသို့ ပေးပို့ပါတယ်။ ဒီမှာတင် မိမိတို့သတ်မှတ်ထားတဲ့ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ ကိုက်ညီမှုမရှိပါဘူး။ သို့ရာတွင် လုပ်ငန်းဆောင်တာများ အဆင်ပြေချောမွေ့စေရေးအတွက် မိမိတို့လွှတ်တော်အနေနဲ့ အစိုးရအဖွဲ့ရဲ့မေတ္တာရပ်ခံချက်ကို လက်မခံလိုသော်လည်း လိုက်လျောပေးခဲ့တာတွေရှိပါတယ်။ ဒီနောက်ပိုင်းမှာတော့ မိမိတို့လွှတ်တော်သည်လည်းကောင်း၊ အစိုးရသည်လည်းကောင်း၊ အစိုးရဆိုရင်တော့ အုပ်ချုပ်ရေးအဖွဲ့သည်လည်းကောင်း၊ မည်သည့်အဖွဲ့သည်လည်းကောင်း ခုန ကျွန်တော်စပြီးတော့ လွှတ်တော်မှာတင်ပြသလို ဥပဒေများအတိုင်းပဲလိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲ့လို လိုက်နာဆောင်ရွက်မှ ခုနကပြောတဲ့ တရားဥပဒေစိုးမိုးရေးဆိုတာဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တာတွေပြီးပြီ နောင်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြီးတဲ့အခါမှာတည်ဆဲဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေများနဲ့ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း လွှတ်တော်ကိုထပ်လောင်းတင်ပြလိုပါတယ်။ ဒါကြောင့်လည်း ကျွန်တော်အဖွင့်မှာ နှုတ်ခွန်းဆက်အမှာစကားမှာ ဒီအကြောင်းတွေဆောင်ရွက်တဲ့နေရာမှာ ဥပဒေနှင့်အညီဆောင်ရွက်ဖို့၊ ဥပဒေကိုအားလုံးလေးစားလိုက်နာဖို့၊ လေးစားလိုက်နာတဲ့နေရာမှာ အားလုံးပါဝင်ဖို့၊ လေးစားလိုက်နာမှုမရှိဘူး ပျက်ကွက်သူ၊ ဖောက်ဖျက်သူကိုအရေးယူဖို့၊ အရေးယူတဲ့နေရာမှာလည်း ဥပဒေနှင့်အညီဖြစ်ဖို့၊ အရေးယူရန်ပျက်ကွက်သူကိုလည်း ထပ်ပြီးတော့အရေးယူနိုင်ဖို့ မည်သူ့မှာတာဝန်ရှိသလဲဆိုတော့ ပြည်သူအားလုံးမှာတာဝန်ရှိပါတယ်။ ဒါကြောင့် ပြည်သူ့ကိုယ်စားလှယ်တွေမှာတာဝန်ရှိပါတယ်။ ဒီဟာကို ကျွန်တော်တို့တစ်တွေက မြန်မာလိုပြောမယ်ဆိုရင်တော့ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ၊ ဆန္ဒစွဲနှင့် အကြောက်တရားနဲ့ မသိလို့ ဒေါသအလျောက်စသည်ဖြင့် ဒီဟာတွေဆောင်ရွက်နေမယ်ဆိုရင် ဒီကနေ့ ကျွန်တော်တို့ လိုလားပါတယ်ဆိုတဲ့ တရားဥပဒေစိုးမိုးရေးဟာလည်းဖြစ်လာနိုင်စရာအကြောင်းမရှိပါဘူး။ အဲ့ဒီနည်းတူပဲ ဒီမိုကရေစီစနစ်ဆိုတာလည်း ပေါ်ထွန်းလာမှာ

မဟုတ်ပါဘူး။ ဒီလိုဆိုရင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ချင်တယ်။ လုပ်ရမယ်ဆိုရင်တော့ ကျွန်တော်တို့တစ်တွေဟာ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရေးဟာအရေးကြီး ပါတယ်။ အဲ့လို အရေးကြီးတဲ့နေရာမှာ ကျွန်တော်တို့တစ်တွေ သာမန်လုပ်နေလို့မဖြစ်ပါဘူး။ လုပ်ငန်း လုပ်ဆောင်တဲ့ နေရာမှာ ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိလုပ်ဆောင်ဖို့လိုပါတယ်။ အဲ့လိုလုပ်ဆောင်တဲ့နေရာမှာလည်း မိမိတို့ လုပ်ဆောင်ချက်များဟာ လူပုဂ္ဂိုလ်တစ်ယောက်ရဲ့အကျိုးစီးပွား၊ အဖွဲ့အစည်းတစ်ခုရဲ့ အကျိုးစီးပွား မဟုတ်ဘဲနဲ့ နိုင်ငံတော်၊ နိုင်ငံသားများရဲ့အကျိုးစီးပွားအတွက်ဖြစ်တယ်ဆိုလို့ရှိရင် ကျွန်တော် မကြာ မကြာတင်ပြနေတဲ့ ပါတီစွဲထားလို့မရပါဘူး။ ဝါဒစွဲထားလို့မရပါဘူး။ လူမျိုးစွဲ၊ ဒေသစွဲထားလို့မရ ပါဘူး။ ကိုးကွယ်တဲ့ဝါဒစွဲထားလို့မရပါဘူး။ အားလုံး နိုင်ငံသားများ၊ နိုင်ငံတော်နှင့် ပြည်ထောင်စု အကျိုးအတွက်ဆောင်ရွက်မယ်ဆိုလို့ရှိရင် ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိလုပ်သွားရမှာဖြစ်တဲ့အတွက် အဖွင့်စကား နဲ့ ဒီလိုတင်ပြရခြင်းဖြစ်ပါတယ်။ တစ်ခါ ခုနက မေးခွန်းတွေ တချို့ကျတော့ ဘယ်နှစ်ကြိမ်၊ တချို့ ကျတော့ဘယ်နှစ်ကြိမ်ပဲ ဆောင်ရွက်ခဲ့ရတယ်ဆိုတာနှင့် ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် များရဲ့ အခွင့်အရေးမနစ်နာဖို့အတွက်လည်း ကျွန်တော်တို့ လွှတ်တော်ကာလအတွင်းမှာ ဖြေနိုင်ခြင်းမရှိ တဲ့မေးခွန်းများကို လွှတ်တော်အခွင့်အရေးကော်မတီ၊ ကတိကဝတ်ကော်မတီမှတစ်ဆင့် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များဆီ ပြန်ပို့ထားပါတယ်။ ဒါကြောင့်မို့ ရောက်ရှိခြင်းရှိ၊ မရှိ။ မရှိရင် မရှိကြောင်းလည်း ကျွန်တော်တို့ လွှတ်တော်မှ သက်ဆိုင်ရာများကို တင်ပြနိုင်ပါတယ်။ ရောက်ရှိလာတဲ့ မေးခွန်းအဖြေများကိုလည်း မှတ်တမ်းအဖြစ်၊ ကတိကဝတ်အဖြစ်ဖော်ပြနိုင်သည်။ ဒီကတိကဝတ်က သက်ဆိုင်ရာတာဝန်ရှိသူများမှဆောင်ရွက်နိုင်ဖို့လည်း လွှတ်တော်ဘက်မှလည်း ကြိုးစားဆောင်ရွက် လျက်ရှိကြောင်းတင်ပြလိုပါတယ်။ တစ်ခါနှိုင်းယှဉ်ပြီးတော့ တင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော်ရှိပါ တယ်။ အမျိုးသားလွှတ်တော်ရှိပါတယ်။ ပြည်သူ့လွှတ်တော်မှာ ပြည်သူ့ကိုယ်စားလှယ်အင်အားပြည့် ဆိုရင် ၄၄၀ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာ အင်အားပြည့်ဆိုရင် ၂၂၄ ဖြစ်ပါတယ်။ အင်အား အချိုးအစားပြောမယ်ဆိုရင် နှစ်ဆနီးပါးကွာပါတယ်။ ဒါကြောင့်မို့လို့ မေးခွန်းပေါင်းဟာလည်း နှစ်ဆ နီးပါးများပါတယ်။ အဆိုပေါင်းဟာလည်း ဒီအတိုင်းနှစ်ဆနီးပါးများပါတယ်။ အဆိုဆိုလို့ရှိရင်လည်း ဒီမှာဆွေးနွေးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များသလောက် အဆိုပေါ်ဆွေးနွေးတဲ့အတွက် ဒီအဆိုတစ်ခုဆွေးနွေးတဲ့အချိန်မှာ အားလုံးပေါင်းလိုက်မယ်ဆိုရင် လွှတ်တော်ရဲ့ ရက်တစ်ရက်လောက် ပေးနေရတဲ့အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လွှတ်တော်အနေနဲ့ ဒီနေ့ ဝန်နဲ့အား မျှတမှုရှိ၊ မရှိ။ အချိန်လုံလောက်မှုရှိ၊ မရှိ။ အချိန်မလုံလောက်သည်ကို လုံလောက်အောင်ဘယ်လို

ဆောင်ရွက်နေတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်က သေချာတာကတော့ လွှတ်တော်ကိုယ်စားလှယ်များ မေးတဲ့မေးခွန်းအားလုံး သက်ဆိုင်တဲ့ဌာနတွေ ရောက်အောင်ပို့၊ စိစစ် ဖြတ်တောက်မှုလုံးဝကိုမရှိဘူး။ ပြန်လာတဲ့အဖြေများကိုလည်း သက်ဆိုင်တဲ့သူများကို ဒီလွှတ်တော်ထဲ မှာမေးခွင့်ရရင်ရ၊ မရရင် သက်ဆိုင်ရာကိုယ်စားလှယ်များဆီ အရောက်ပေးပို့တာ ဖြစ်ပါတယ်။ ဒီနေရာ မှာ ကြုံလို့တင်ပြချင်တာက အဆိုများ တင်သွင်းခြင်းနှင့်ပတ်သက်လို့ နိုင်ငံတော်တစ်ဝန်းလုံးနှင့် ပတ်သက်တဲ့ အရေးကြီးတဲ့အဆိုများကိုလည်း ဒီကာလအတွင်းမှာတင်ပြပြီးတော့ ကိုယ့်ဒေသနှင့်ဆိုင်တဲ့ ကိစ္စ ဥပမာအားဖြင့် ဆည်တည်ဆောက်ပေးပါဆိုတဲ့ကိစ္စသည် ပေါ်လစီရေးရာကိစ္စမဟုတ်ပါဘူး။ ကိုယ့်ဒေသနှင့်ဆိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ဒီလိုကိစ္စမျိုးကျတဲ့အခါကျတော့ အဆိုတစ်ခု တင်မယ့်အစား မေးခွန်းပဲမေးလိုက်လို့ရှိရင် ကျွန်တော်တို့ ဒီနေရာမှာ ဆည်တည်ဆောက်ပေးဖို့ ရှိပါသလား။ မရှိဘူးလား။ မရှိရင်ဘာကြောင့်လဲစသည်အားဖြင့် ဒီလိုမေးခွန်းမေးလိုက်မယ်ဆိုရင် အချိန်ကုန် သက်သာမှာဖြစ်ပါတယ်။ အဲ့ဒီမှာလည်း ကတိကဝတ်တစ်ခါတည်းရသွားမှာဖြစ်ပါတယ်။ အဲ့ဒီ အတိုင်းပဲ လမ်းတစ်ခု၊ တံတားတစ်ခုဖောက်ဖို့ကိစ္စဆို့လို့ရှိရင်လည်း ဒီအတိုင်းပဲစဉ်းစားသင့်ပါတယ်။ ဘာကြောင့်လဲ ကျွန်တော်တို့ လွှတ်တော်မှာ အလုပ်တွေအများကြီးလုပ်စရာရှိပါတယ်။ ဒီနေ့ လွှတ်တော်မှာ လွှတ်တော် ဆိုတာ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ တည်ဆဲဥပဒေ ပြင်စရာတွေ အများကြီးရှိပါတယ်။ သာမန်ကြည့်ရင် တော့ မလိုဘူးထင်ပေမယ့် အဲ့ဒီတည်ဆဲဥပဒေအရ မူရင်းဥပဒေများဖြစ်တဲ့ Statute Law ကျန်တဲ့ Subordinate Law ဒီဟာတွေသည် အများကြီးပြင်စရာလိုပါတယ်။ ဥပဒေဆိုတဲ့နေရာမှာ ပင်ရင်း ဥပဒေကိုပဲကြည့်နေလို့ မရပါဘူး။ ဒီနေ့ ပင်ရင်းဥပဒေပေါ်မူတည်ပြီး ထွက်လာတဲ့ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်အပိုင်းတွေမှာလည်း ပြည်သူများ လက်တွေ့ လိုက်နာလို့မရနိုင်တဲ့ကိစ္စတွေကြောင့် များစွာအခက်အခဲဖြစ်နေတာရှိပါတယ်။ အဲ့ဒါကြောင့်လည်း ခုနကပြောတဲ့ တရားဥပဒေစိုးမိုးမှုမရှိတဲ့ကိစ္စတွေမှာ ဒါတွေပါနေပါတယ်။ ဒါတွေကို ကျွန်တော်တို့ အဓိကထားပြီးတော့ ကြည့်ဖို့၊ ပြင်ဖို့လိုပါတယ်။ ဒီလိုပြောတဲ့အတွက် မိမိတို့ရဲ့ မေးခွန်းတွေ၊ အဆိုတွေ မတင်ရတော့ဘူးလား။ မဟုတ်ပါဘူး။ တင်ရပါတယ်။ သို့ရာတွင် လွှတ်တော်ကို ရောက်လာတဲ့မေးခွန်း တွေ၊ အဆိုတွေနေရာမှာ ဒီမေးခွန်းကတော့ဖြင့်၊ ဒီအဆိုကတော့ဖြင့် အားလုံးနဲ့ သက်ဆိုင်ပြီး အရေးတကြီးလိုတဲ့ကိစ္စများ ဖြစ်ပါတယ်ဆိုတာကတော့ ခုနအဖွဲ့အနေနဲ့ စိစစ်ပြီး Agenda ထဲမှာ ထည့်သွင်းထားကြောင်းလည်း အသိပေးတင်ပြခြင်းဖြစ်ပါတယ်။ အခုလို ခန္တီးမဲဆန္ဒနယ်က ဦးလှထွန်း မေးလိုက်တဲ့အတွက် ကျွန်တော်တို့ဖြေကြားခွင့်နှင့် ကျွန်တော်တို့ လွှတ်တော်ရဲ့ အခြေအနေကို သိရှိ

အောင်ရှင်းလင်း တင်ပြနိုင်တဲ့အတွက်လည်း မေးမြန်းတဲ့ ခန္တီးမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းကိုလည်း ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။

**ထီးချိုင့်-မြတောင် ဧရာဝတီမြစ်ကူးတံတား တည်ဆောက်ရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အများပြည်သူတို့ရဲ့ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ထီးချိုင့်-မြတောင် ဧရာဝတီမြစ်ကူးတံတားတည်ဆောက်ရန် အစီအစဉ်ရှိ၊ မရှိနှင့်ပတ်သက်ပြီး မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်တွင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခြေခံထားလျက် နိုင်ငံတော်ရဲ့ မြောက်ဖျားမှစတင်ပြီး တောင်ဘက်အစွန်းထိ လမ်းကွန်ရက်များကို အကောင်အထည်ဖော်နေရာ နိုင်ငံတော်ရဲ့ အသက်သွေးကြောကြီးလို့ တင်စားထားရတဲ့ ဧရာဝတီမြစ်ကြီးကိုဖြတ်ကျော်ပြီး မြစ်ကူးတံတားကြီးများ တည်ဆောက်ခဲ့ပြီးဖြစ်တာမို့ မျှော်မှန်းထားတဲ့ လမ်းကွန်ရက်ကြီးများ အောင်မြင်နေပြီလို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆောက်ပြီးခဲ့သော ဧရာဝတီမြစ်ကူးတံတားကြီးများအနက် ရတနာပုံတံတား၊ စင်းခန်းတံတားနှင့် ရတနာသိမ်တံတားကြီးများကို တည်ဆောက်ပေးခဲ့ခြင်းဟာ မန္တလေး-ရွှေဘို-မြစ်ကြီးနား အနောက်မဟာဗျူဟာလမ်းမကြီး၊ မန္တလေး-တကောင်း-ကသာ-ဗန်းမော် အရှေ့မဟာဗျူဟာလမ်းမကြီးတို့အတွက် လမ်းကွန်ရက်ဆက်စပ်မှု ကောင်းမွန်လာပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့အပါအဝင် နိုင်ငံအဝန်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေကို တင်ပြရမယ်ဆိုရင် ဧရာဝတီမြစ် လမ်းကွန်ရက်အလယ်ပေါက်ဖြစ်တဲ့ မန္တလေး-မြတောင်-ထီးချိုင့်-အင်းတော် လမ်းမကြီးပေါ်မှာရှိတဲ့ ထီးချိုင့်မြို့နယ် ကျောက်အိုက်ချောင်းကူးတံတား၊ အင်းတော်မြို့နယ် ဗုဓလက်

ချောင်းရေကျော်တံတား၊ ကွင်းချောင်းတံတား၊ ခွန်နန်းတံတားနှင့် နတ်မဟုတ်ကြီးရေကျော်တံတားများကို ဆောက်လုပ်ပြီး၊ ဆောက်လုပ်နေပြီဖြစ်တဲ့အတွက် ရွှေဘို-မြစ်ကြီးနားလမ်းမကြီးကို ဆက်သွယ်မိပြီး လမ်းပန်းဆက်သွယ်မှု ပိုမိုအဆင်ပြေလာစေမှာ ဖြစ်ပါတယ်။ ဤလမ်းကွန်ရက်ကြီးအဆင်ပြေစေရန်အတွက် အဓိကအရေးပါတဲ့အခြေအနေကို တင်ပြရမယ်ဆိုရင် စီးပွားရေးလမ်းကြောင်းကို အထောက်အကူဖြစ်စေမယ့် ထီးချိုင့်-မြတောင် ဧရာဝတီမြစ်ကူးတံတား တည်ဆောက်ရေးကိစ္စရပ်ပဲ ဖြစ်ပါတယ်။ အဆိုပါတံတားနှင့်ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက အကြိုတိုင်းတာမှုများကို သုံးကြိမ်တိုင်တိုင် ဆောင်ရွက်ပြီး ဖြစ်တယ်လို့ သိရပါတယ်။ ယင်းသို့ဆောင်ရွက်နေမှုအပေါ် ဒေသခံမိဘပြည်သူများက စိတ်ပါဝင်စားကြပြီး တံတားတည်ဆောက်ရေးစီမံကိန်းကို မျှော်လင့်လျက်ရှိကြပါတယ်။ သို့ပါ၍ ထီးချိုင့်-မြတောင် ဧရာဝတီမြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက တည်ဆောက်ရန်အစီအစဉ်ရှိ၊ မရှိနှင့် လျာထားချက်ရှိပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်နိုင်မည်ကို သိရှိလို၍ မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ တာဝန်ရှိသူက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးမှ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားတဲ့ ထီးချိုင့်-မြတောင် ဧရာဝတီမြစ်ကူးတံတား တည်ဆောက်ရန် အစီအစဉ်ရှိ၊ မရှိနှင့် လျာထားချက်ရှိပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည်ကို သိရှိလိုသည့်မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဧရာဝတီမြစ်ကြီးပေါ်မှာ မြစ်ကူးတံတားကြီးပေါင်း ၁၂ စင်းတည်ဆောက်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီ့အပြင်

လည်း ဆက်လက်ပြီးတော့လည်း မြစ်ကူးတံတားကြီး ၂ စင်းကိုလည်း တည်ဆောက်လျက်ရှိပါတယ်။ အဲဒီတည်ဆောက်လျက်ရှိတဲ့ ၂ စင်းအနက်မှ ရတနာသိဃ်တံတားဟာဆိုလို့ရှိရင် ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲနှင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ခွဲတို့ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ တံတားဖြစ်ပြီးတော့ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုးစိုး မေးမြန်းတဲ့နေရာနှင့် အနီးဆုံးနေရာမှာရှိတဲ့ တံတားကြီးဖြစ်ပါတယ်။ ဒီ့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်းပဲ ဧရာဝတီမြစ်ကူးတံတားကြီးများ တည်ဆောက်ရန် သင့်တော်တဲ့နေရာများကို ကြိုတင်ပြီးတော့ အင်ဂျင်နီယာများ အကြိုလုပ်ငန်းများဆောင်ရွက်ခြင်း၊ တိုင်းတာခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့နေရာမှာ ထီးချိုင့်နှင့်မြတောင် ဧရာဝတီမြစ်ကူးတံတားတည်ဆောက်ဖို့အတွက် တိုင်းတာတဲ့အခါမှာ ကမ်းတစ်ဖက်နှင့်တစ်ဖက် (Bank to Bank) တိုင်းထွာချက်အရ ပေ ၅၈၀၀ ဖြစ်ပါတယ်။ အကယ်၍ ဒီတံတားကြီးကို တည်ဆောက်မယ်ဆိုလို့ရှိရင် ချဉ်းကပ်လမ်းများ အပါအဝင် ပေ ၈၀၀၀ ခန့် ရှည်လျားတဲ့ တံတားကြီးကို တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ယခုအခါမှာတော့ ဒေသခံ တိုင်းရင်းသားပြည်သူများဟာ နေ့စဉ် ထီးချိုင့်နှင့် မြတောင် ဖြတ်သန်းသွားတဲ့ ယာဉ်ကြီး၊ ယာဉ်ငယ် စုစုပေါင်းဟာ အစီး ၅၀ လောက်ရှိပါတယ်။ အစီး ၅၀ ကိုလည်းပဲ ဇက်ရေယာဉ်များနှင့် အဆင်ပြေစွာ ကူးလူးပေးပြီးတော့ ဆောင်ရွက်ထားရှိခြင်းရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ လက်ရှိစီမံကိန်း လျာထားချက် အနေအထားများအရ ထီးချိုင့်-မြတောင် ဧရာဝတီမြစ်ကူးတံတားကို လောလောဆယ် တည်ဆောက်ရန် အစီအစဉ် မရှိသေးပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ နစ်နာမှုမရှိစေရေးအတွက် ကမ္ဘာ့ပေါက်ဈေးအတိုင်း ရရှိရန်အတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်(ချမ်းမြသာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ကော်ဖီစိုက်ပျိုးရေး

နဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်ဖီနှစ်ရှည်စီမံကိန်း စိုက်ပျိုးရာမှာ နိုင်ငံတော်ရှိ အခြားဒေသများနှင့်နှိုင်းစာလျှင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်ဟာ ရာသီဥတုအခြေအနေ၊ မြေသားအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေအရ အသင့်တော်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဦးလွင်မြို့နယ်တွင် စီမံကိန်းမြေဖော်ထုတ်နေရာချထားရေးအဖွဲ့မှ ၅၉၂၄၂ ဧက ကော်ဖီစိုက်ပျိုးမြေဟု ခန့်မှန်းကြောင်းသိရှိရပါသည်။ ဒါပေမယ်လို့ နိုင်ငံတော်စီမံကိန်းသစ်များအရ ကော်ဖီစီမံကိန်းမြေ ၁၈၃၁၀ ဧကသာ ဖော်ထုတ်ကြောင်း သိရပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဦးလွင်မြို့နယ်မှာ မြေနေရာချထားရေးအဖွဲ့မှချထားပေးခံရသော ကော်ဖီစိုက်ပျိုးသည့် တောင်သူများဟာ ကော်ဖီစိုက်ပျိုးရာမှာ ၂၀၀၂-၂၀၀၃ ခုနှစ်မှစ၍ စိုက်ပျိုးခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ကော်ဖီစိုက်ပျိုးစရိတ်မှာ တစ်ဧကလျှင် ၃၅၀၀၀၀ မှ ၅၀၀၀၀၀ အထိ ကုန်ကျခဲ့ပါတယ်။ အဲဒီအချိန်မှာ ကော်ဖီစိုက်ပျိုးချေးငွေစရိတ်မှာ တစ်ဧကလျှင် ၈၀၀၀၀ မှ ၁၀၀၀၀၀ အထိ ချေးခွင့်ပြုကြောင်း သိရှိရပါတယ်။ ဒါပေမယ်လို့ အခုအချိန်မှာ ကော်ဖီတစ်ဧကစိုက်ပျိုးစရိတ်မှာ ၁၇ သိန်းမှ  သိန်း ၂၀ အထိ ကုန်ကျလျက်ရှိကြောင်း သိရှိရပါတယ်။ ကော်ဖီစရိတ်မှာ စတင်စိုက်ပျိုးချိန်မှ အသီးသီးချိန်အထိ ၄ နှစ်ကာလ ကုန်ကျစရိတ်မှာ တစ်ဧကလျှင်ပျမ်းမျှ သိန်း ၃၀ မှ သိန်း ၄၀ အထိ ကုန်ကျကြောင်း သိရှိရပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့ကြောင့် ခေတ်နှင့်လျော်ညီသော စိုက်ပျိုးစရိတ်ချေးငွေများကို ကုန်ကျစရိတ်များကို တိုးမြှင့်ချေးယူခွင့်ရှိ၊ မရှိနှင့် ထွက်ရှိလာသော ကော်ဖီစေ့များကို နိုင်ငံခြားသို့ တင်ပို့ရာမှာ စျေးကောင်းရရှိရေးအတွက် အရည်အသွေးထိန်းသိမ်းခြင်း (Quality control) ပြုလုပ်ရန် နိုင်ငံတကာအသိအမှတ်ပြု အသင်းအဖွဲ့အစည်း မြန်မာနိုင်ငံတွင်မရှိသေးကြောင်း သိရှိရပါတယ်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်သော အခြားနိုင်ငံများမှာ  ICO (International Coffee Organization) သို့ ဝင်ရောက်ထားကြောင်း  သိရှိရပါတယ်။ ICO သို့ဝင်ရောက်ထားမှသာ ကော်ဖီအဆင့်အတန်းမီထုတ်လုပ်ခြင်းနှင့် ကမ္ဘာ့စျေးကွက်နှင့်အမီ တင်ပို့ရောင်းချနိုင်မည် ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာအသိအမှတ်ပြု ကော်ဖီအသင်းအဖွဲ့အစည်းတစ်ခု ဖွဲ့စည်းထားရာ လိုအပ်သည်ဟု ထင်မြင်ယူဆမိပါသည်။ ထို့ကြောင့် ကျွန်တော်မေးလိုသည့် မေးခွန်းသုံးခုမှာ (၁) ကော်ဖီစိုက်ပျိုးသည့်  တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ပေးနိုင်ခြင်းရှိ၊ မရှိ၊ (၂) နိုင်ငံတော်တွင် နိုင်ငံတကာအသိအမှတ်ပြု ကော်ဖီအသင်း အဖွဲ့အစည်းဖွဲ့စည်းပေးနိုင်ခြင်းရှိ၊ မရှိနှင့် (၃) ကော်ဖီ

စိုက်ပျိုးထုတ်လုပ်သူများ နစ်နာမှုမရှိစေရေးအတွက် ကမ္ဘာ့ပေါက်ဈေးအတိုင်းရရှိနိုင်ရန် နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိသိရှိလိုကြောင်း မေးခွန်း သုံးခုကိုမေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ တာဝန်ရှိသူမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ရဲ့ ကော်ဖီစိုက်ပျိုးသည့် တောင်သူများအတွက် စိုက်ပျိုးစရိတ် ချေးငွေတိုးမြှင့်ပေးရန်၊ နိုင်ငံတော်တွင် နိုင်ငံတကာအသိအမှတ်ပြုကော်ဖီအသင်း အဖွဲ့အစည်း ဖွဲ့စည်းပေးရန်၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ နစ်နာမှုမရှိစေရေးအတွက် ကမ္ဘာ့ပေါက်ဈေးအတိုင်း ရရှိရန် နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်ရန် ရှိ၊ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကော်ဖီစိုက်ပျိုး သည့် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ပေးနိုင်ခြင်းရှိ၊ မရှိနှင့်စပ်လျဉ်း၍ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကော်ဖီချေးငွေအတွက် ၃ နှစ် ၃ ရစ်ဖြင့် ထုတ်ချေးပြီး စတုတ္ထနှစ်မှစ၍ ၃ နှစ် ၃ ရစ်ဖြင့် ပြန်လည်ကောက်ခံခြင်း ဆောင်ရွက်ပါတယ်။ ကော်ဖီ ၁ ဧကမှ ၁၀ ဧကအထိ စိုက်ပျိုးသူများကို တစ်ဧကမှာ ကျပ် ၈၀၀၀၀ နှုန်းဖြင့် အာမခံမယူဘဲ ထုတ်ချေးပေးလျက် ရှိပါတယ်။ ကော်ဖီ ၁၁ ဧကနှင့်အထက် စိုက်ပျိုးသူများကို တစ်ဧကလျှင် ၂၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးလျက် ရှိပါတယ်။ ၁၁ ဧကအထက် ငွေချေးသူများကို မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းများကို အာမခံယူ၍ ထုတ်ချေးခြင်း ဖြစ်ပါတယ်။ ယခုအချိန်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဓိကအများဆုံးစိုက်ပျိုး နေတဲ့ စပါးသီးနှံအတွက် ချေးငွေများတိုးမြှင့်ထုတ်ချေးပေးနိုင်ဖို့အတွက် ဦးစားပေး အစီအစဉ် ဆောင်ရွက်လျက်ရှိပါသဖြင့် လောလောဆယ်အနေနဲ့ ကော်ဖီသီးနှံအတွက် တစ်ဧကချေးငွေနှုန်းထား များ တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ နိုင်ငံတော်မှာ နိုင်ငံတကာ အသိအမှတ်ပြု ကော်ဖီအသင်းအဖွဲ့အစည်း ဖွဲ့စည်းပေးနိုင်ခြင်း ရှိ၊ မရှိ နှင့်ပတ်သက်၍ နိုင်ငံတော် မှာ နိုင်ငံတကာ အသိအမှတ်ပြုကော်ဖီအသင်းဖွဲ့လိုပါက ရှေးဦးစွာ ပြည်တွင်း၌ ကော်ဖီစိုက်ပျိုး

ထုတ်လုပ်ရောင်းဝယ်သူများအသင်းကို ရော်ဘာစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများအသင်း၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်သူများအသင်းနှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများအသင်းကဲ့သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ UMFCCI ၏ ညီနောင်အသင်းအဖြစ် တရားဝင် ဖွဲ့စည်းပြီး အသင်းအဖွဲ့အဖြစ် ဆောင်ရွက်သွားနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများအသင်းမှ ICO (International Coffee Organization) အဖွဲ့သို့ ဝင်ရောက်ရန် ဖြစ်ပါတယ်။ ICO ဌာနချုပ်မှာ ဗြိတိန်နိုင်ငံ လန်ဒန်မြို့ Berner Street တွင် တည်ရှိပြီး ကော်ဖီတင်ပို့သောနိုင်ငံ Export ၃၇ နိုင်ငံနှင့် တင်သွင်းသောနိုင်ငံ Inport ၃၂ နိုင်ငံ၊ စုစုပေါင်း အဖွဲ့ဝင် ၆၉ နိုင်ငံ ရှိပါတယ်။ ICO သို့ဝင်ရောက်လျှင် အသင်းဝင်ကြေးအဖြစ် နှစ်စဉ် Deposit ငွေ စတာလင်ပေါင် ၂၅၀၀၀ ပေးသွင်းပြီး အသင်းအဖွဲ့ဖြစ်လာပါက ဝင်ရောက်နိုင်မည် ဖြစ်ပါတယ်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ နစ်နာမှုမရှိစေရေးအတွက် ကမ္ဘာ့ပေါက်ဈေးအတိုင်းရရှိရန် နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့်စပ်လျဉ်း၍ ICO သို့ဝင်ရောက်ပြီးပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကော်ဖီစိုက်ပျိုး ထုတ်လုပ်ရောင်းဝယ်သူများ အသင်းအနေနဲ့ ICO နှင့်ချိတ်ဆက်ပြီး ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရှင်းလင်းပေးတဲ့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းသန်းကို မသိတဲ့ကိစ္စ ထပ်မေးပါရစေ။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စပါးစိုက်ပျိုးတဲ့နိုင်ငံ ဖြစ်ပါတယ်။ စာရင်းဇယားများအရဆိုလို့ရှိရင် စပါးမှဆန် ပြောင်းလဲပြီး ပို့မယ်ဆိုလို့ရှိရင်လည်း တန်ချိန် သန်းနှင့်ချီပြီးတော့ တင်ပို့လို့ရနိုင်တဲ့ အနေအထားမှာ ရှိကြောင်းသိရပါတယ်။ ဒါကြောင့် ဆန်စပါးများ တင်ပို့ရောင်းချတဲ့နေရာမှာ ကော်ဖီကဲ့သို့ ဆန်စပါးအသင်း ဝင်ဖို့ လို၊ မလိုနဲ့ ဝင်ပြီး၊ မပြီး သိချင်ပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ခုနက လက်ရှိစိုက်ပျိုးနေတဲ့စပါးနဲ့ပတ်သက်၍ မိုးစပါး ၁၆.၃ သန်းစိုက်ပျိုးပြီးတော့ နွေစပါးအကြမ်းအားဖြင့် ၃ သန်း ပတ်ဝန်းကျင်လောက် ကျွန်တော်တို့ စိုက်ပျိုးပါတယ်။ စုစုပေါင်း မြန်မာနိုင်ငံအနေနှင့် စပါးသန်း ၂၀ ပတ်ဝန်းကျင်လောက် နှစ်စဉ်စိုက်ပျိုးလျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနှင့် ဆန်စပါးကို ပြည်တွင်းစားသုံးမှုဖူလုံတဲ့အပြင် အထိုက်အလျောက် ပိုလျှံတာရှိပါတယ်။ ဒီပိုလျှံလာတဲ့ ဆန်စပါးများကို ဒီနေ့ UMFCCI နှင့် မြန်မာနိုင်ငံဆန်စပါးကူညီမှုအသင်းကနေပြီးတော့ နိုင်ငံတကာကို တင်ပို့လျက်

ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒီနေ့နိုင်ငံတကာမှာ ဈေးကွက်ရရှိနိုင်ဖို့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းတို့ဟာ နိုင်ငံတကာမှာ ထိုးဖောက်ပြီးတော့ ဈေးကွက်ရနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာ တင်ပြရမယ်ဆိုရင် တရုတ်ပြည်ကို ဆန်စပါးတင်ပို့တဲ့အခါမှာ လက်ရှိ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား စတဲ့နိုင်ငံတွေဟာ တရုတ်ပြည်ကို တင်ပို့ဖို့အတွက် Exporter ခွဲတမ်းတွေ ရရှိတာဖြစ်ပါတယ်။ အဲလိုရရှိအောင် မြန်မာနိုင်ငံအနေနဲ့လည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆန်စပါးအသင်းတို့ ညှိနှိုင်းပြီးတော့ တရုတ်ပြည်ကို တင်ပို့နိုင်ဖို့အတွက် ဆန်ကိုယ်တာရရှိအောင် ယနေ့စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့်တော့ တရုတ်ပြည်နှင့် မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် MOU လက်မှတ်ရေးထိုးပြီးလို့ရှိရင် ကျွန်တော်တို့ကနေပြီးတော့ Border Trade အနေနှင့် မူဆယ်ကနေ တစ်ဆင့်တင်ပို့နိုင်မှာဖြစ်ပါတယ်။ ဒီနေ့ဆန်တင်ပို့တဲ့ နေရာမှာ ရန်ကုန်ကနေ မူဆယ်ကို တင်ပို့မယ်ဆိုရင် Transportation ခက ဆန်တစ်တန်ကို ဒေါ်လာ ၁၂၀ လောက်ကျမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲလို ဒေါ်လာ ၁၂၀ လောက်ကုန်ကျနေတဲ့ အနေအထားပေါ်မှာ ဒီနေ့ စစ်ကိုင်းတိုင်းဒေသကြီးလို ပိုလျှံတဲ့နေရာက တရုတ်ပြည်ကို Border Trade ကနေတင်ပို့မယ်ဆိုရင် ဒီနေ့ Transportation Cost တစ်တန် ၁၂၀ သက်သာတဲ့အပြင် မိမိလိုချင်တဲ့ ဈေးနှုန်းနှင့်လည်းပဲ တရုတ်ပြည်အနေနှင့်ရနိုင်တဲ့အနေအထားရှိတယ်။ ဒါကြောင့် မကြာမီမှာ တရုတ်ပြည်နှင့် မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ဟာ ဆန် Export ကိုယ်တာရရှိရေးအတွက် MOU လက်မှတ်ရေးထိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်မေးတဲ့မေးခွန်းက ဒါ့အပြင် ဦးအုန်းသန်းခုနက ဖြေသွားတဲ့နေရာမှာ ကော်ဖီနှင့်ပတ်သက်လို့ ကော်ဖီအသင်းဝင်ဖြစ်ဖို့ဆိုရင် အင်္ဂလန်နိုင်ငံလန်ဒန်မှာရှိတဲ့ ဘယ်နေရာ၊ ဘယ်ဌာနမှာ နှစ်စဉ်ကြေးဘယ်လောက်ပေးပြီးဝင်ရမယ်။ ဆီအုန်းဆိုလို့ရှိရင်လည်း ဒီအတိုင်းပဲလို့ပြောပါတယ်။ ဒါမှသာ မိမိနိုင်ငံထွက်တဲ့ ကော်ဖီသီးနှံဈေးကောင်းရမယ်၊ ဈေးကွက်ရှိမယ် ဆိုတဲ့သဘောကို နားလည်နိုင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပိုလျှံနေတဲ့ ဆန်စပါးများကို ရောင်းချတဲ့နေရာမှာ ဈေးကွက်ရဖို့နဲ့ဈေးကောင်းရရှိဖို့ဆိုရင် ကော်ဖီကဲ့သို့သော၊ ဆီအုန်းကဲ့သို့သော အသင်းဝင်နိုင်ငံတစ်နိုင်ငံဖြစ်ဖို့ လိုအပ်ခြင်းရှိ၊ မရှိနှင့် လိုအပ်တယ်ဆိုလို့ရှိရင်လည်း အခြားအသေးစိတ် ရှိ၊ မရှိ ဒါကိုသိချင်တဲ့သဘောနဲ့ မေးမြန်းခြင်းသဘော ဖြစ်ပါတယ်။ တကယ်

လို့ လောလောဆယ် အဖြေမပေးနိုင်သေးဘူးဆိုလို့ရှိရင်လည်း စိစစ်ပြီးတော့၊ ပြန်ပြီးတော့ အသိပေးစေချင်ပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လိုအပ်ပါတယ်ခင်ဗျား။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ပြန်လည်တင်ပြသွားပါမယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**မင်းတပ်မြို့တွင် ရှေးဟောင်းပစ္စည်းပြတိုက် အဆောက်အဦ ဆောက်လုပ်ပေးနိုင်ရန် အခွင့်အလမ်း ရှိ၊ မရှိ၊ ရှိပါက မည်သို့ဆက်သွယ်ဆောင်ရွက်ရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ မင်းတပ်မြို့တွင် ရှေးဟောင်းပစ္စည်းပြတိုက်ကို ဆောက်လုပ်ပေးနိုင်ရန် အခွင့်အလမ်း ရှိ၊ မရှိ၊ ရှိပါက မည်သို့ ဆောင်ရွက်ရန်နှင့်စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မင်းတပ်ခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်များအတွင်းမှာ ရှေးမြန်မာတိုင်းရင်းသားအချို့ရဲ့ အဝတ်အစား၊ ရိုးရာအသုံးအဆောင်ပစ္စည်းများ အထိုက်အလျောက်ကျန်ရှိနေဆဲဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ရှေးဟောင်းပစ္စည်း ရောင်းဝယ်ခြင်းလုပ်ငန်းဖြစ်ပေါ်လာတဲ့အတွက် ရှေးဟောင်းပစ္စည်းများနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ အဝတ်အစားများ တိမ်ကောပျောက်ကွယ်လုမတတ် တွေ့ရှိရပါတယ်။ မင်းတပ်ခရိုင်အတွင်း အထူးသဖြင့် ပျူခေတ်အသုံးအဆောင်များလို့ ထင်မြင်ယူဆရတဲ့ ရှေးဟောင်းပစ္စည်းအချို့ တွေ့မြင်နေရဆဲ ဖြစ်ပါတယ်။ ရှေးဟောင်းရိုးရာ အဝတ်အစားများဖြစ်တဲ့ လည်ဆွဲပယင်းပုတီးတွေ၊ ခြုလုံးခါးပတ်များနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများဖြစ်တဲ့ ဆေးရိုးဆေးတံများ၊ လေး၊ မြား၊ လှံ၊ ဓား၊ ငွေဒင်္ဂါး၊ ကြေးဒင်္ဂါးများစသည်တို့ကိုလည်း တွေ့မြင်နေရပါတယ်။ ပျူကျောက်စာများအရ မင်းတပ်ခရိုင်မှာ နေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားအချို့ရဲ့ စကားများဟာ ပျူစကားအချို့နှင့်တူညီနေကြောင်း လက်ရှိအထောက်အထားရှိတာရယ်၊ ပျူခေတ်က ကျောက်ပြားကြီးများတည်ပြီးတော့ အဲဒီကျောက်ပြားများအောက်မှာ အရိုးအိုးတွေထားရှိသလိုပဲ မင်းတပ်ခရိုင်အတွင်းမှာလည်းပဲ ရှေးကတည်ထားခဲ့တဲ့ ကျောက်ပြားကြီးများနဲ့ အဲဒီကျောက်ပြားတွေရဲ့အောက်မှာ အရိုးအိုးတွေကို ကျေးရွာများမှာ တွေ့မြင်နေရဆဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အသုံးအဆောင်ပစ္စည်းများ၊ သမိုင်းအထောက်အထားများ၊ အရိုးအိုးများ စနစ်တကျစုဆောင်းထားရှိနိုင်ရန် လိုအပ်လာပါတယ်။ ချင်းပြည်နယ်မှာ ယဉ်ကျေးမှုဌာနနှင့် ယဉ်ကျေးမှုဆိုင်ရာအဆောက်အဦကို ဟားခါးတစ်မြို့တည်းမှာပဲ ဆောက်လုပ်ပေးတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီဖော်ပြခဲ့တဲ့ ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများနှင့် အထောက်အထားများ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် ပြသနိုင်ရန်အတွက် ချင်းပြည်နယ်၊ မင်းတပ်ခရိုင် မင်းတပ်မြို့မှာ ရှေးဟောင်းပစ္စည်းပြတိုက် အဆောက်အဦ ဆောက်လုပ်ပေးနိုင်ရန် အခွင့်အလမ်း ရှိ၊ မရှိနှင့် အခွင့်အလမ်းရှိပါက ဘယ်လိုဆက်သွယ်ဆောင်ရွက်ရမည်ကို သိလိုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်သည့် ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ယုံကြည်လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ ကျွန်မကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ဖြစ်ပါတယ်ရှင့်။ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်း မေးမြန်းထားသည့် ချင်းပြည်နယ်၊ မင်းတပ်ခရိုင် မင်းတပ်မြို့တွင် ရှေးဟောင်းပစ္စည်းပြတိုက် အဆောက်အဦ ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ ပျူလူမျိုးတို့သည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ခန့်က မြန်မာနိုင်ငံအနှံ့အပြားမှာနေထိုင်ခဲ့ကြကြောင်းကို ပျူယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများအရ လေ့လာတွေ့ရှိခဲ့ပါတယ်။ ပျူယဉ်ကျေးမှုနှင့်ပတ်သက်ပြီးတော့ ဝန်ကြီးဌာန အစီအစဉ်ဖြင့် ကွင်းဆင်းသုတေသနပြုခြင်း၊ တူးဖော်ထိန်းသိမ်းခြင်း၊ မှတ်တမ်းပြုစုခြင်း၊ စာတမ်းဖတ်ကြားခြင်းများဆောင်ရွက်ခဲ့ပြီး ပျူယဉ်ကျေးမှု အထောက်အထားပစ္စည်းများကို အမျိုးသားပြတိုက် အပါအဝင် သက်ဆိုင်ရာပြတိုက်များမှာ ထိန်းသိမ်းပြသထားရှိပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားအချင်းချင်းတစ်ဦးရဲ့ယဉ်ကျေးမှုကို တစ်ဦးကသိရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုတိုးတက်လာစေရန်၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုအဆင့်အတန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားပစ္စည်းများကို ပြည်သူလူထုသိရှိပြီး ဗဟုသုတကြွယ်ဝလာစေရန်တို့အတွက် ရည်ရွယ်ပြီး ယဉ်ကျေးမှုပြတိုက် (Culture Museum) နှင့် ရှေးဟောင်းသုတေသနပြတိုက် (Archeology Site Museum) ဆိုပြီးတော့ အဓိကအားဖြင့် ပြတိုက်အမျိုးအစား ၂ မျိုးခွဲခြား၍ ဖွင့်လှစ်ပြသထားရှိပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာရှိတဲ့ တိုင်းရင်းသားများရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ အစုံအလင်ကို လေ့လာကြည့်ရှုနိုင်ဖို့အတွက် ပြည်နယ် ၇ ခုနှင့် တိုင်းဒေသကြီး ၂ ခုတို့မှာ ယဉ်ကျေးမှုပြတိုက်များကို ဖွင့်လှစ်ပြသထားပါတယ်။ ရှေးမြို့ဟောင်းများတွင် ဌာနမှ တူးဖော်သုတေသနပြုပြီး စုဆောင်းရရှိထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို ခင်းကျင်း၍ပြသနိုင်ရန် ဒေသဆိုင်ရာ ရှေးဟောင်းသုတေသန ပြတိုက်များကိုလည်း

ဖွင့်လှစ်ထားရှိပါတယ်။ အဆိုပါပြတိုက်များကို ရှေးမြို့ဟောင်းများတည်ရှိတဲ့ ပုဂံ၊ ပဲခူး၊ သရေခေတ္တရာ၊ မြောက်ဦး၊ ကျောက်တော်၊ ပုခန်းကြီး၊ အင်း၀၊ ဗိဿနိုး၊ တကောင်းစတဲ့ ဒေသများမှာ ဖွင့်လှစ်ထားရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ၁၉၅၇ ခုနှစ် ရှေးဟောင်း၀တ္ထုပစ္စည်းအက်ဥပဒေပုဒ်မ ၄ တွင် ယဉ်ကျေးမှု၀န်ကြီးဌာနအနေဖြင့် ရှေးဟောင်း၀တ္ထုပစ္စည်းများကို မပျက်စီးရအောင် စီမံထားရှိရန် ဖော်ပြထားပါတယ်။ သို့ပါ၍ ဒေသဆိုင်ရာ အစီအစဉ်ဖြင့်သော်လည်းကောင်း၊ ပြည်နယ်အစိုးရ အစီအစဉ်ဖြင့်သော်လည်းကောင်း၊ ရှေးဟောင်းပစ္စည်းပြတိုက် သို့မဟုတ် ယဉ်ကျေးမှုပြတိုက်ဆောက်လုပ်၍ ထိန်းသိမ်းပြသလိုပါက ယဉ်ကျေးမှု၀န်ကြီးဌာနအနေဖြင့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုပေးသွားမှာ ဖြစ်ပါတယ်။ လိုအပ်ပါကလည်း ခင်းကျင်းပြသနိုင်ရေးအတွက် ပညာရှင်များဖြင့် ပံ့ပိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင့်။ ထို့အတူ တာ၀န်သိပြည်သူများက ရှေးဟောင်းပစ္စည်းများကို ယဉ်ကျေးမှု၀န်ကြီးဌာနသို့ လာရောက်အပ်နှံမယ်ဆိုပါကလည်း ပစ္စည်း၏ ရှေးဟောင်းတန်ဖိုး၊ သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုအနုလက်ရာတန်ဖိုးများ အပေါ်မူတည်ပြီးတော့ စုဆောင်းရယူထိန်းသိမ်းပြီး သင့်တော်ရာ ပြတိုက်များသို့ ပို့ဆောင်ပြသသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ရှေးဟောင်းပစ္စည်းများကို သက်ဆိုင်ရာသို့ လာရောက်အပ်နှံခြင်းမရှိဘဲ တရားမ၀င်သယ်ဆောင် ရောင်း၀ယ်မှုများပြုလုပ်ပါက ၁၉၅၇ ခုနှစ် ရှေးဟောင်း၀တ္ထုပစ္စည်းအက်ဥပဒေပုဒ်မ ၃ နှင့် ပုဒ်မ ၇ တို့အရ တည်ဆဲဥပဒေများနှင့်အညီ ဖော်ထုတ်အရေးယူခံရမှာ ဖြစ်ပါတယ်။ ရှေးဟောင်းပစ္စည်း တရားမ၀င်သယ်ဆောင်ရောင်း၀ယ်ခြင်းနှင့် ပတ်သက်၍ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ သတင်းရရှိရေး၊ ဖော်ထုတ်ဖမ်းဆီးရမိရေး ကိစ္စများကိုလည်း သက်ဆိုင်ရာမှ စီမံဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရှင့်။ ချင်းပြည်နယ်၌ ယဉ်ကျေးမှုပြတိုက်ကို ဟားခါးမြို့တွင် ၁၉၈၄ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ချင်းပြည်နယ်ရှိ တိုင်းရင်းသားများ၏ ၀တ်စားဆင်ယင်မှုနှင့် အဆင်တန်ဆာများ၊ ရိုးရာတူရိယာများ၊ လက်နက်များစသည်တို့အပါအ၀င် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ ပစ္စည်းများ၊ ဗုဒ္ဓဆင်းတုတော်များကို ခင်းကျင်းပြသထားပါတယ်။ ယဉ်ကျေးမှု၀န်ကြီးဌာနသည် ယဉ်ကျေးမှုပြတိုက်မရှိသေးသော တိုင်းဒေသကြီးအချို့၌ ယဉ်ကျေးမှုပြတိုက်များ တည်ဆောက်ပြသရန် နှစ်အလိုက် ဦးစားပေးလျာထား

ဆောင်ရွက်လျက်ရှိတဲ့အပြင် ချင်းပြည်နယ်၏ မြို့တော်ဟားခါးမြို့တွင်လည်း ယဉ်ကျေးမှုပြတိုက်ရှိပြီး ဖြစ်သောကြောင့် မင်းတပ်ခရိုင် မင်းတပ်မြို့၌ ပြတိုက်အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။ (ဩဘာသံများ)

**နာဂဒေသမြို့နယ်များတွင် ဘိန်းစိုက်ပျိုးနေမှု တိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရှိသီး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂဒေသမြို့နယ်များဖြစ်တဲ့ လဟယ်မြို့နယ်အတွင်း ယမ်းကြုံးဂွင်၊ ကြူယမ်းဂွင်နှင့် နန်းယွန်းမြို့နယ် တံခါးဒေသချောင်းဘေးတွေမှာ ကချင်ပြည်နယ် နယ်စပ်မှာရှိတဲ့ ရှင်ဘွေယန်ချောင်းဘေးတစ်လျှောက်တွေမှာ ဘိန်းများစိုက်ပျိုးပြီးတော့မှ ထုတ်လုပ်စားသုံးနေတဲ့ဟာတွေနဲ့ ပတ်သက်ပြီးတော့မှ မေးခွန်းမေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နာဂတိုင်းရင်းသားများဟာ တခြားတိုင်းရင်းသားများနှင့် နှိုင်းယှဉ်လို့ရှိရင် လူနေမှုအဆင့်အတန်း နိမ့်ကျနေသေးတဲ့အပြင် ပညာရေးအဆင့်အတန်းပါ နိမ့်ကျနေသေးတဲ့ တိုင်းရင်းသား မျိုးနွယ်စုဖြစ်ပါတယ်။ မြန်မာစကားပုံအရ နူနေပါတယ်ဆိုမှ ဝဲစွဲဆိုသလိုပဲ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတွင် အဓိကတာဝန်ရှိတဲ့ အဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်များရဲ့ နားလည်မှုတွေ၊ ခွင့်လွှတ်ပေးမှု အပေါ်မှာ အကြောင်းပြုပြီးတော့မှ ဘိန်းစိုက်ခင်းများကို လွတ်လပ်စွာစိုက်ပျိုးခြင်း၊ စားသုံးခြင်းတို့ကြောင့် နောက်ဆက်တွဲပြဿနာများဖြစ်တဲ့ လုပ်အားဆုံးရှုံးခြင်း၊ သားသမီးများရဲ့ ပညာရေးမှာ အားပေးမှုနည်းပါးခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားမှုအားနည်းခြင်း တို့ကြောင့် နာဂဒေသတိုင်းရင်းသားလူငယ်များအတွက် စိုးရိမ်ရပါတယ်။ သို့ဖြစ်ပါ၍ ဘိန်းစိုက်ခင်းများကို တားဆီးဖျက်ဆီးပေးခြင်း၊ သုံးစွဲသူများ၊ ရောင်းဝယ်သူများကို တိကျစွာအရေးယူပေးခြင်း၊ ဘိန်းအစား ထိုးသီးနှံစိုက်ပျိုးသွားနိုင်ရေးအတွက် ဖန်တီးပေးခြင်း၊ ပညာပေးဆွေးနွေးမှုများ ပြုလုပ်ပေးခြင်း၊ ဘိန်းစိုက်ခင်းတိုက်ဖျက်ရေးကို စီမံကိန်းချလုပ်ဆောင်ပေးခြင်းများဖြင့် ဒေသခံတိုင်းရင်းသားများ နောင်ရေးအတွက် ဖန်တီးပေးရန် လိုအပ်ကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့

နာဂဒေသမြို့နယ်များအတွင်း ဘိန်းစိုက်ပျိုးမှုများကို တိုက်ဖျက်နိုင်ရန်အတွက် သက်ဆိုင်ရာမှ အရှိန်အဟုန်မြှင့် လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီးရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်ကို ကာကွယ်တားဆီးနိုင်ဖို့ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီးတော့ ဘက်ပေါင်းစုံကနေ ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ် ချမှတ်ဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံတော်က မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ၅ နှစ်စီ ပိုင်းခြားပြီး စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ဖို့အတွက် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအစည်းအဝေး (၂/၂၀၁၂) ကနေ စီမံကိန်းသက်တမ်းကာလကို နောက်ထပ် ၅ နှစ် သက်တမ်းတိုးမြှင့်ပြီး ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ အထိ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းချက်ချမှတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ဘိန်းစိုက်ပျိုးမှုကို ရာသီဥတုနှင့် မြေအနေအထားအပေါ် မူတည်ပြီး ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တွေမှာ အများဆုံးစိုက်ပျိုးပြီး ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှာ အနည်းငယ်စီ စိုက်ပျိုးလျက်ရှိကြောင်း စိစစ်သိရှိရပါတယ်။ နှစ်စဉ် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စီမံချက်ရေးဆွဲပြီး တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် ဒေသခံပြည်သူလူထုပူးပေါင်းပြီး

ဘိန်းခင်းများ ရှာဖွေဖော်ထုတ်ဖျက်ဆီးမှုကို အရှိန်အဟုန်မြင့် ဖျက်ဆီးလျက် ရှိပါတယ်။ အဲ့ဒီလို ဘိန်းခင်းများ ဖျက်ဆီးမှုများကြောင့် မြန်မာနိုင်ငံဘိန်းစိုက်ဒေသတွေမှာ ၂၀၁၀-၂၀၁၁ ဘိန်းစိုက်ရာသီမှာ ဘိန်းခင်း ၁၇၄၄၀.၂၅ ဧက ဖျက်ဆီးနိုင်ခဲ့ရာကနေ ၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီမှာ ၅၈၇၃၈.၆၉ ဧက ဖျက်ဆီးနိုင်ခဲ့တဲ့အတွက် ၄၁၂၉၈.၄၄ ဧက တိုးတက်ဖျက်ဆီးနိုင်ခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂဒေသ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်များကို ဘိန်းများ စတင်ဝင်ရောက်လာမှုက ကချင်ပြည်နယ်မှတစ်ဆင့် ကူးစက်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ကချင်ပြည်နယ်အစပ်မှာရှိတဲ့ နန်းယွန်းမြို့နယ် ကျေးရွာများက ပြည်သူများက ကချင်ပြည်နယ် ကျေးရွာတွေမှာရှိတဲ့ ဘိန်းစိုက်သူများဆီကို နေ့စားဓားရမ်းလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်ရာမှ စမ်းသပ်သုံးစွဲလာကြပြီး မျိုးစေ့တွေကို ရယူစိုက်ပျိုးမှုများ ပျံ့နှံ့လာကြောင်း လေ့လာသိရှိရပါတယ်။ သို့ပေမယ့်လည်း စီးပွားဖြစ်ဧကများများ စိုက်ပျိုးမှုမရှိဘဲ ဘိန်းစွဲသူများအနေနဲ့ စားသုံးဖို့အတွက် အနည်းအကျဉ်းသာ စိုက်ပျိုးကြကြောင်း စိစစ်တွေ့ရှိရပါတယ်။ လဟယ်မြို့နယ်အတွင်း ဘိန်းစိုက်ခင်းများကို ဖျက်ဆီးခဲ့ရာမှာ ၂၀၀၂ ခုနှစ်၊ မေလမှာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ရဲ့ အစီအစဉ်နဲ့ လဟယ်မြို့နယ်နဲ့ အနီးပတ်ဝန်းကျင်မှာ ၀.၇၅ ဧက၊ ၂၀၀၃ ခုနှစ်၊ ဧပြီလအတွင်း မြို့နယ်အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်တဲ့ လုံခင်း၊ ခါးလယ်၊ ဝုထ၊ စံပြ၊ လောင်တန်း၊ ဟွေထိုက်ကျေးရွာများမှာ ၃.၅ ဧက၊ ၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင် နယ်မြေခံတပ်နှင့် ပူးပေါင်းပြီး မြို့နယ်ရဲ့ အနောက်မြောက်ဘက်ခြမ်း နယ်စပ်ကျေးရွာတွေဖြစ်တဲ့ လောနောက်ကုန်း၊ ယမ်ကြိမ်၊ ရွှေလော၊ ဟောက်ရမ်ကျေးရွာများမှာ ၁.၈ ဧက၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလမှာ နယ်မြေခံတပ်နှင့် ပူးပေါင်းပြီး မြောက်ဘက်ခြမ်းကျေးရွာများဖြစ်တဲ့ ယမ်ကြုံ၊ ကာမွေလောရီ၊ နောက်ညူကျထောက်၊ နောက်ညူခါဆန်နှင့် နောက်ညူမန်ဆွေကျေးရွာများမှာ ၃ ဧကတို့ကို အသီးသီး ဖျက်ဆီးဆောင်ရွက်နိုင်ခဲ့ပါတယ်။ နန်းယွန်းမြို့နယ်မှာ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း နယ်မြေခံတပ်များနှင့်ပူးပေါင်းပြီး လောက်လိုင်ကျေးရွာ၊ ဓမ္မတိုင်ကျေးရွာ၊ ပန်ဆောင်အင်းတစ်ဝိုက်နှင့် စွန်ပါကျေးရွာအနီး တခီးချောင်းတစ်ဝိုက်တို့မှာ စုစုပေါင်း ၇ ဧကကို ဖျက်ဆီးနိုင်ခဲ့ပါတယ်။ အဲဒီလိုဖျက်ဆီးနိုင်တာက စိုက်ပျိုးတဲ့ကျေးရွာ၊ စိုက်ပျိုးတဲ့နေရာကို အတိအကျ သိရတဲ့အတွက် ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်ပြီး အဲဒီကာလနောက်ပိုင်းမှာတော့ ဘိန်းစိုက်ပျိုးမှု သိသိသာသာ လျော့နည်းသွားပြီး ဘိန်းစိုက်ပျိုးတဲ့နေရာကို အတိအကျမသိရှိရတဲ့အတွက် ဖျက်ဆီးနိုင်မှုမရှိကြောင်း သိရှိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဘိန်းခင်းဖျက်ဆီးမှုအနေနဲ့ ၂၀၀၆-၂၀၀၇ ခုနှစ် ဘိန်းစိုက်ရာသီမှာ ၂၁.၃၉ ဧက ဖျက်ဆီးခဲ့ပြီး ခန္တီးမြို့နယ်မှာ ၂.၈၉ ဧက၊ လဟယ်မြို့နယ်မှာ ၁၈.၅ ဧက၊

၂၀၀၈-၂၀၀၉ ခုနှစ် ဘိန်းစိုက်ရာသီမှာ ခန္တီးမြို့နယ်မှာ ၃.၅ ဧက၊ ၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီမှာ ခန္တီးမြို့နယ်မှာပဲ ၀.၁၅ ဧက ဖျက်ဆီးနိုင်ခဲ့ပါတယ်။ နာဂဒေသမှာရှိတဲ့ လဟယ်နှင့် နန်းယွန်းမြို့နယ်များက လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတွေကြောင့် အုပ်ချုပ်ရေးအပိုင်းမှာ အားနည်းမှုများရှိခဲ့ပါတယ်။ ယခုအခါမှာတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး နာဂဒေသအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ဖြန့်ကျက်ဆောင်ရွက်နိုင်ဖို့ မြို့နယ်ခွဲများကိုလည်း ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ နာဂဒေသနေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အောင်သီရိရန်ပုံငွေ (နာဂဒေသ) အဖြစ် ကျပ်သိန်း ၅၀၀၀ ကို မတည်ပေးထားပြီး အဲဒီရန်ပုံငွေ အတိုးရရှိငွေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ နာဂဒေသ လဟယ်နှင့် နန်းယွန်းမြို့နယ်များအတွင်း ဘိန်းစိုက်ပျိုးမှု၊ သုံးစွဲမှု လျော့နည်းပပျောက်စေရေးအတွက် မြို့နယ်အလိုက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ကြီးကြပ်မှုကော်မတီအနေနဲ့ နယ်မြေခံတပ်ရင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပါဝင်တဲ့ အဖွဲ့ငယ်များ စုဖွဲ့ပြီး သတင်းရယူခြင်း၊ ဖျက်ဆီးခြင်းနှင့် ပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ် ဘိန်းစိုက်ရာသီမှာလည်း ပြီးခဲ့တဲ့ ဘိန်းစိုက်ရာသီထက် ပိုမိုပြီး အရှိန်အဟုန်မြှင့် ဖျက်ဆီးနိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စီမံချက်ရေးဆွဲပြီး တပ်မတော်၊ နယ်မြေခံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းပြီး ဘိန်းစိုက်ခင်း ဖျက်ဆီးမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် စီမံထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရန်ကုန်မြို့တော်တွင် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း နေ့စဉ်တိုး၍ ချိုးဖောက်နေမှုများ၊ ပွန်းမတီးရ အမိန့်များကြောင့် ယာဉ်အန္တရာယ်များပို၍ဖြစ်နေခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ အကြီးဆုံးမြို့တော်ဖြစ်တဲ့ ရန်ကုန်မှာ လူဦးရေ ၆ သန်းခန့် နေထိုင်ပြီး နေ့စဉ် မော်တော်ယာဉ်မျိုးစုံအပါအဝင် လူအများ ရှုပ်ထွေးစွာသွားလာနေ၍ နေရာအတော်များများမှာ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိနေပါတယ်။ အငှားတက္ကစီယာဉ်

များ၊ ဘတ်စ်ကားလိုင်းများ၊ လူငယ်အများစုမောင်းနှင်တဲ့ ကိုယ်ပိုင်မော်တော်ယာဉ်များနှင့် ခြေလျင်လမ်းသွားများဟာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို မလိုက်နာဘဲ အရှိန်ပြင်းစွာမောင်းခြင်း၊ တစ်စီးနှင့်တစ်စီး အပြိုင်မောင်းခြင်း၊ လမ်းလုမောင်းခြင်း၊ ကြားဖြတ်ဝင်ခြင်းတို့ကြောင့် ယာဉ်တိုက်ခိုက်မှုများ၊ အသက်ဆုံးရှုံးမှုများ ထိခိုက်ဒဏ်ရာရမှုများ၊ ယာဉ်ထိခိုက်ပျက်စီးမှုများ တစ်နေ့တခြားတိုး၍တိုး၍ ဖြစ်ပေါ်လျက်ရှိနေပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ထုတ်ထားတာအများကြီးရှိသော်လည်းပဲ ထိန်းသိမ်းကြီးကြပ်မှုအားနည်းသဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများ များနေရခြင်းဖြစ်ပါတယ်။ ဖမ်းဆီးအရေးယူမှုများ များစွာရှိသော်လည်း ဖမ်းဆီးအရေးယူမှုထက်လွတ်သွားတဲ့အမှုပေါင်းက အများကြီးရှိနေပါတယ်။ အထူးသဖြင့် ရန်ကုန်မှာဆိုလို့ရှိရင် စည်ကားတဲ့ရွှေဂုံတိုင် မီးပွိုင့်တို့၊ တာမွေမီးပွိုင့်တို့မှာ ယာဉ်ထိန်းရဲများရှေ့မှာပင် စည်းကမ်းတွေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်တယ်။ လမ်းတွေလုမောင်းတယ်။ ကျော်ဝင်တယ်။ အစဉ်အတိုင်းမသွားဘဲနဲ့မီးပွိုင့်ကိုလုမောင်းတယ်။ အဲဒါတွေဟာ ယာဉ်ထိန်းရဲတွေရှေ့မှာ ဖြစ်ပေါ်နေတာဖြစ်ပါတယ်။ အခုရှိနေတဲ့ ယာဉ်ထိန်းရဲများရဲ့ အရေအတွက်နဲ့ ရန်ကုန်မြို့မှာ ယာဉ်များနဲ့ အရေအတွက်နဲ့နှိုင်းယှဉ်လို့ရှိရင်ယာဉ်ထိန်းရဲရဲ့ အရေအတွက်က အလွန်အားနည်းနေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့မြောက်ဥက္ကလာပမှာဆိုရင်လည်း မကြာခဏယာဉ်တိုက်မှုများဖြစ်ပြီးတော့ ထိခိုက်မှုများ အများကြီးရှိခဲ့ပါတယ်။ မယ်လမုဘုရားရှေ့မှာရှိတဲ့ လမ်းဆုံမှာဆိုလို့ရှိရင် မကြာခဏ ယာဉ်တိုက်မှုတွေဖြစ်ပြီးတော့ အသက်ဆုံးရှုံးမှုတွေဖြစ်ပေါ်နေပါတယ်။ ပြီးခဲ့သော တစ်လက ကျွန်တော်တို့ မြောက်ဥက္ကလာပမြို့နယ် NLD က မြို့နယ်ညီလာခံကော်မရှင်ဥက္ကဋ္ဌရဲ့ သမီးနဲ့မြေးဟာဆိုလို့ရှိရင် မယ်လမုဘုရားရှေ့နားမှာ Light Truck ကားတစ်စီးဟာ တိုက်ပြီးတော့ ထွက်ပြေးသွားတာ အခုဆိုလို့ရှိရင် မြေးဖြစ်သူ ၁၃ နှစ် သားကလေးဟာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်အာရုံကြောမှာ သတိမရသေးဘဲ ရှိနေပါတယ်။ တိုက်ပြီးတော့ ထွက်ပြေးသွားတဲ့ Light Truck ကားကတော့ အခုထိ အစဖော်လို့ မရသေးတာရှိနေပါတယ်။ အထူးသဖြင့် လိုင်းဘတ်စ်ကားများဟာ မှတ်တိုင်များမှာ ရပ်ချင်သလိုရပ် ထွက်ချင်သလိုထွက်ပြီးတော့ နောက်ကလာနေတဲ့ ယာဉ်ကို မစောင့်ဘဲ မှတ်တိုင်များမှ ဇွတ်အတင်းထွက်တဲ့အခါမှာ ဟွန်းမတီးရ အမိန့်ထုတ်ထားတဲ့အတွက် ပိုမိုအန္တရာယ်ဖြစ်နေရပါတယ်။ ဟွန်းမတီးရကန့်သတ်ချက်နဲ့ပတ်သက်ပြီးတော့ အနည်းငယ် တင်ပြလိုပါတယ်။ ဟွန်းမတီးရကန့်သတ်ချက်ဟာဟွန်းသံဆူညံမှုကို တားဆီး၍ တိတ်ဆိတ်ငြိမ်သက်မှုကို ဖြစ်ပေါ်စေသဖြင့် အလွန်ကောင်းမွန်သောသတ်မှတ်စည်းကမ်းချက်ဖြစ်ပါတယ်။ သို့ရာတွင် ဟွန်းမတီးရအမိန့်သည် စည်းကမ်းလိုက်နာမှု

အားကောင်းသော နေရာများတွင်သာ အုံ့ဝင်ပြီး စည်းကမ်းလိုက်နာမှုအားနည်းတဲ့ နေရာများမှာ ယာဉ်အန္တရာယ်များကို ပိုမိုဖြစ်စေနိုင်တာကို တွေ့ရှိနေရပါတယ်။ ဟွန်းမတီးရ အမိန့်ထုတ်ထားသော ဧရိယာအတွင်းမှာ ဟွန်းတီးရန်မလိုတဲ့အခြေအနေများ ဖန်တီးပေးရန်လိုအပ်ပါတယ်။ ထို့ကြောင့် မလိုအပ်ဘဲ ဟွန်းမတီးရ။ စည်းမဲ့ကမ်းမဲ့ ဟွန်းမတီးရဟူ၍သာ အမိန့်ထုတ်သင့်ပါတယ်။ တချို့နေရာ တွေမှာဆိုရင် လုံးဝဟွန်းမတီးရမယ့် အခြေအနေတွေရှိနေပါတယ်။ အဲဒီနေရာတွေကတော့ အဲဒီ ဟွန်းမတီးရ သတ်မှတ်ထားတဲ့ နယ်မြေကို ပိုင်းခြားစိစစ်သတ်မှတ်ပြီးတော့ စည်းကမ်းများ တင်းတင်း ကြပ်ကြပ် ပြဋ္ဌာန်းသင့်ပါတယ်။ ဒီနေရာတွေကတော့ ဆေးရုံကြီးတွေ၊ သာသနာ့ရိပ်သာတွေ၊ စာသင် ကျောင်းတွေနေရာတွေမှာ ဇုန်အလိုက်တားမြစ်ပေးနိုင်ရင် ပိုကောင်းပါတယ်။ အဲဒီနေရာတွေမှာ ဟွန်းတီးမယ်ဆိုရင်တော့ ပြတ်ပြတ်သားသား ထိထိရောက်ရောက် အရေးယူသင့်ပါတယ်။ နောက်တစ်ချက်အနေနဲ့ ကျွန်တော်ပြောလိုတာက လုံးဝဟွန်းမတီးရ အမိန့်အစား ခုနက တင်ပြသလို မလိုအပ်ဘဲ ဟွန်းမတီးရ။ စည်းမဲ့ကမ်းမဲ့ ဟွန်းမတီးရဆိုတဲ့ ကန့်သတ်ချက်ကို သတ်မှတ်သင့်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရန်ကုန်မြို့တော်မှာ အခုလို လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း များကို နေ့စဉ်လိုလို တိုး၍တိုး၍ ချိုးဖောက်နေမှုနှင့် ယာဉ်တိုက်ခိုက်မှုများ သေကြေပျက်စီးမှုများ တိုး၍တိုး၍ ဖြစ်ပေါ်နေခြင်း စည်းကမ်းထိန်းသိမ်းကြပ်မတ်မှု အားနည်းနေခြင်းနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မည်သို့မည်ပုံ စီမံချက်များ ချမှတ်ဆောင်ရွက် ပေးနိုင်မည်ကို သိရှိလို ပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက ပြန်လည်ဖြေကြားဖို့ဖြစ် ပါတယ်။

## ဖြေကြားချက်

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းရဲ့ ရန်ကုန်မြို့တော်မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို နေ့စဉ်ချိုးဖောက်နေမှုများ၊ ဟွန်းမတီးရ အမိန့်ကြောင့် ယာဉ်အန္တရာယ်များ ပို၍ဖြစ်နေခြင်းတို့နှင့် စပ်လျဉ်းတဲ့မေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းမှ ဖြေကြားသွား

မှာဖြစ်ပါတယ်။ ရန်ကုန်မြို့တော်မှာ နေ့စဉ် မော်တော်ယာဉ် ၃ သိန်းကျော်ခန့် ဝင်/ထွက် သွားလာနေတဲ့အတွက် မော်တော်ယာဉ်မောင်းများက လမ်းအသုံးပြုစဉ်မှာ အခက်အခဲများရှိပြီး ဟွန်းတီးပါက ဆူညံသံများဖြစ်ပေါ်လာနိုင်ပါတယ်။ အဲဒါကြောင့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ရုံးဝန်ထမ်းများ၊ ဘိုးဘွားရိပ်သာများ၊ အစည်းအဝေးကျင်းပရာ အဆောက်အဦများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆေးရုံတက်ရောက်ကုသနေတဲ့ ဝေဒနာရှင်များ စိတ်အေးချမ်းမြေ့စွာ နေထိုင်လုပ်ကိုင်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စည်ပင်သာယာနယ်နိမိတ်တွေဖြစ်တဲ့ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ဒေါပုံ၊ သာကေတ၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ရန်ကင်း၊ သင်္ဃန်းကျွန်း၊ ဒဂုံမြောက်၊ ဒဂုံတောင်၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှိုင်၊ ကမာရွတ်၊ ဒဂုံ၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ မရမ်းကုန်း၊ ဗဟန်းနှင့် ဆိပ်ကမ်းမြို့နယ် ၃၁ မြို့နယ်မှာ ၂၀၀၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့ကစပြီး ဟွန်းသံကင်းမဲ့ဇုန်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့သတ်မှတ်ပြီး မည်သည့်အကြောင်းနှင့်မျှ ဟွန်းမတီးကြရန်နဲ့ ယာဉ်တိုက်မှုမဖြစ်စေဖို့အတွက် သတိပြုမောင်းနှင်ကြစေရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရေဒီယို၊ MRTV-4 ၊ နေ့စဉ်ထုတ်သတင်းစာများနှင့် ဂျာနယ်တွေမှာ သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပြီး သတ်မှတ်ခဲ့တဲ့အတွက် ဟွန်းသံများ ဆူညံခြင်း မရှိတော့တာကို တွေ့ရှိရပါတယ်။

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ မနက် ၀၇း၃၀ အချိန်မှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးစီးကျင်းပပြုလုပ်တဲ့ နိုင်ငံရေးနှင့်လုံခြုံရေး ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက် အပိုဒ် ၁၈ အရ ခရီးသည်တင်ဘတ်စ်ကားနှင့် အငှားယာဉ် တက္ကစီများ ဟွန်းတီးပါက ယာဉ်မောင်းလိုင်စင်ကို အနည်းဆုံး ၃ နှစ်မှ ရာသက်ပန်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ထားရှိပါတယ်။ ဟွန်းတီးတာဟာ ရှေ့မှမိမိအာရုံနှင့်သွားလာနေသူက ဂရုမပြုမိဘဲ ဆက်လက် သွားလာနေလို့ရှိရင် ဆဲဆိုသကဲ့သို့ဖြစ်ကြောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဇာတ်လမ်းမှာ သရုပ်ဆောင်များက ပေါ်လွင်စွာ သရုပ်ဆောင် ပညာပေးထားရှိတာလည်း ရှိပါတယ်။ ရန်ကုန်မြို့တော်ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ စီးပွားရေးမြို့တော်ဖြစ်တာနှင့်အညီ ဟွန်းမတီးရကန့်သတ်ချက်က လမ်းဖြတ်ကူးသူနှင့် ယာဉ်မောင်းသူများအကြားမှာ စိတ်အနှောင့်အယှက်တစ်ရပ် ဖြစ်ပေါ်လျက်ရှိတာကို သိရှိရပါတယ်။ မီးပွိုင့်စိမ်းနေတဲ့ အချိန်မှာ ကားရှေ့ကနေ မထီမဲ့မြင် ဖြတ်ပြေးကူးကြသူများရှိလို့ ယာဉ်မောင်းသူများအနေနဲ့ သတိနှင့် မောင်းနှင်

ကြရကြောင်း လေ့လာသိရှိရပါတယ်။ ယာဉ်မတော်တဆမှုဖြစ်ပွားပါက ယာဉ်မောင်းသူများမှာ အရေးယူခံကြရမှာဖြစ်ပါတယ်။ အနေးယာဉ်များကလည်း စည်းကမ်းစနစ်တကျသွားလာကြရန်နှင့် ကန့်သတ်ထားတဲ့ ဧရိယာအတွင်း ဝင်ရောက်စီးနင်းခြင်းမပြုကြရန်၊ ဒါ့အပြင် လမ်းအသုံးပြုသူများက လည်း လူသွားစင်္ကြံမှသာသွားကြရန်နှင့် လူကူးမျဉ်းကြားနှင့် လူကူးခုံးကျော်တံတားတို့ကသာ လမ်းဖြတ်ကူးကြဖို့လိုအပ်ပါတယ်။ ယာဉ်မတော်တဆမှုများမှာ ယာဉ်မောင်းသူများရဲ့ပေါ့ဆမှုကြောင့် ဖြစ်ပွားသကဲ့သို့ ခြေလျင်လမ်းလျှောက်သူများရဲ့ ပေါ့ဆမှုကြောင့်လည်း ဖြစ်ပွားလျက်ရှိပါတယ်။ ဒါကြောင့် စည်းကမ်းမဲ့လမ်းကူးသူများကို အရေးယူခဲ့ရာမှာ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလကုန်အထိ ၂၃၇၉၅ ဦးကို အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။ လမ်းဆုံမီးပွိုင့် လူကူးမျဉ်းကြားတို့မှာ ယာဉ်များ အတွက် မီးစိမ်းထားချိန်မှာ လမ်းသွားလမ်းလာများအနေနဲ့ လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန် နှင့် ယာဉ်များကလည်း လမ်းဆုံမီးပွိုင့်နှင့် လူကူးမျဉ်းကြားမှာ အရှိန်လျှော့မောင်းရန် လိုအပ်ပါတယ်။ လမ်းအသုံးပြုသူ ခြေလျင်လျှောက်သူများအနေနဲ့လည်း လူကူးမျဉ်းကြားကသာ အချက်ပြထိန်းသိမ်းမှု စနစ်အတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိတဲ့နေရာမှ လမ်းကူးကြပါက လမ်းရှင်းမှ ကူးတဲ့စနစ်နဲ့ သွားလာလို့ရှိရင် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းလာမှာ ဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ရန်ကုန်မြို့တော်မှာ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းလာပြီး လမ်းအသုံးပြုသူများကလည်း စည်းကမ်းလိုက်နာမှု ကောင်းမွန်တိုးတက် လာလို့ရှိရင် ဟွန်းမတီးရအမိန့်နှင့်ပတ်သက်လို့ လိုအပ်တဲ့နေရာများမှာသာ ဟွန်းတီးခွင့်ပြုရန်နှင့် စည်းကမ်းမဲ့ ဟွန်းတီးခြင်းမပြုရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်နှင့် အချိန်ကြာမြင့်စွာ ကင်းကွာစေမှုမရှိစေရေး၊ နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက် နိုင်ရေးအတွက် တစ်နှစ်လျှင် ၆ လထက်မပိုသော ကာလအထိသာ လွှတ်တော် ပုံမှန် အစည်းအဝေးများကျင်းပရန် လွှတ်တော်များသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပုသိမ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အား လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်နှင့် အချိန်ကြာမြင့်စွာ ကင်းကွာစေမှုမရှိစေရေး၊ နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်နိုင်ရေးအတွက် တစ်နှစ်လျှင် ၆ လထက်မပိုသော ကာလအထိသာ လွှတ်တော်ပုံမှန်အစည်းအဝေးများကျင်းပရန် လွှတ်တော်များသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ လူကြီးမင်းများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခနဲ့ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်နှင့် အချိန်ကြာမြင့်စွာ ကင်းကွာ စေမှုမရှိစေရေး၊ နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်နိုင်ရေးအတွက် တစ်နှစ်လျှင် ၆ လ ထက်မပိုသော ကာလအထိသာ လွှတ်တော်ပုံမှန်အစည်းအဝေးများ ကျင်းပရန် တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်အစည်းအဝေးများကို တက်ရောက်ကြပြီး နိုင်ငံတော်ရဲ့တာဝန်ကိုထမ်းဆောင်နေကြသူများ ဖြစ်ကြပါတယ်။ တစ်နှစ်ကို ၈ လ ခန့် ကာလကြာမြင့်စွာ လွှတ်တော်အစည်းအဝေးများကို တက်ရောက်နေကြရမယ်ဆိုရင် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်ပြည်သူလူထုနဲ့ ထိတွေ့ဆက်ဆံရန် အချိန်ကာလ ၄ လလောက် ပဲကျန်တော့တာမို့ အချိန်အားဖြင့်နည်းလွန်းလှပါတယ်။ ကိုယ်စားလှယ်များဟာ မိမိတို့ကို ရွေးချယ် တင်မြှောက်ခဲ့တဲ့ မဲဆန္ဒရှင်များနဲ့ အချိန်ကြာမြင့်စွာ ကင်းကွာပြီးနေရသလိုလည်း ဖြစ်နေပါတယ်။ ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်များနှင့် အချိန်ကြာကြာ ကင်းကွာပြီးမနေသင့်ပါဟု ကျွန်တော်ယူ ဆပါတယ်။ ဒါ့အပြင် မိမိတို့ရဲ့ မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများတွင် လစ်ဟင်းမှု

များ ရှိလာပြီး ကိုယ်စားလှယ်တစ်ဦးရဲ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်တယ်လို့ ပြောလို့ရမှာ မဟုတ်ပါဟုလည်း ကျွန်တော်ခံစားမိပါတယ်။ လွှတ်တော်ရေးရာကော်မတီနဲ့ ကော်မရှင်များအနေဖြင့်လည်း လွှတ်တော်အစည်းအဝေးများ နားချိန်တွင် မိမိတို့ကော်မတီ၊ ကော်မရှင်များရဲ့ လုပ်ငန်းတာဝန်များကို ပိုမိုပီပြင်အောင် ဆောင်ရွက်နိုင်ဖို့ အချိန်ရမှာလည်းဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့ရဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ မိသားစုအရေးများကိုလည်း အစီအစဉ်ချမှတ်ပြီး ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဝေးလံလှတဲ့အရပ်ဒေသမှ တက်ရောက်ကြရတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း သွားရေးလာရေး အချိန်ပေးရတာပိုမိုအဆင်ပြေမှာဖြစ်ပါတယ်။ အခြေအနေအရ လွှတ်တော်ခေါ်ရန် မဖြစ်မနေလိုအပ်ပါကလည်း အရေးပေါ်အစည်းအဝေး၊ အထူးအစည်းအဝေးများကို ခေါ်ယူနိုင်သည့် လုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်အသီးသီး၏ဆိုင်ရာဥပဒေများတွင် ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်။ ယခုလို ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် လွှတ်တော်လုပ်ငန်းများ လွန်စွာများပြီး နက်နဲကျယ်ပြန့်၍ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များဟာ အချိန်ပေးလုပ်ကိုင်နေရတာကိုလည်း ကျွန်တော် သဘောပေါက်ပါတယ်။ လွှတ်တော်ကာလ ၆ လသတ်မှတ်ပေးရန် အနည်းဆုံးအခြေခံထားတဲ့ သဘောဖြစ်ပါတယ်။ လွှတ်တော်ပြက္ခဒိန် (Parliament Calendar) တစ်ခုပေါ်ပေါက်လာရန် အဓိကထားပြီး အဆိုတင်သွင်းခြင်းသာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမိုကရေစီနိုင်ငံကြီးများဖြစ်ကြတဲ့ United State နှင့် United Kingdom နိုင်ငံများတွင်လည်း လွှတ်တော်ပြက္ခဒိန် (Parliament Calendar) ကို သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ Newzeland နိုင်ငံတွင် ၉၃ ရက်သတ်မှတ်ပြီး New Southwales နိုင်ငံတွင် ၇၁ ရက်သတ်မှတ်ထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် လွှတ်တော်ကိုမည်သည့်နေ့တွင်စ၍ မည်သည့်နေ့တွင်ပြီးမည် တစ်နှစ်လျှင် ၆ လ လွှတ်တော်အစည်းအဝေးကာလကို သတ်မှတ်ထားတဲ့ လွှတ်တော်ပြက္ခဒိန် (Parliament Calendar) ရရှိရန်အထူးလိုအပ်ပါသဖြင့် ဤအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်ရဲ့ တင်ပြချက်ဟာ လွှတ်တော်နှင့် အဓိကသက်ဆိုင်နေပါတယ်။ အထူးသဖြင့်တော့ လွှတ်တော်ဥက္ကဋ္ဌနှင့် သက်ဆိုင်တယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့ လွှတ်တော်ရဲ့ အဓိကလုပ်ငန်းတာဝန်က ဥပဒေပြုရေးနှင့်

အချင်းချင်းအပြန်အလှန်ထိန်းကျောင်းရေးဖြစ်ပါတယ်။ ဒီတာဝန်ကို ကျေပွန်စွာဆောင်ရွက်သွားဖို့ လိုပါတယ်။ အခြေအနေနဲ့ မိမိတို့လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များလိုပဲ လွှတ်တော် ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့လည်း အနည်းဆုံးသော လိုအပ်တဲ့အချိန်ကိုပဲ အသုံးပြုလိုပါတယ်။ မိမိ လွှတ်တော် ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဒီစင်မြင့်ပေါ်မှာ ဒီလိုထိုင်နေရသည်ပင်လျှင် မည်မျှထိ အချိန်ပေး ကျဉ်းကျဉ်းကြပ်ကြပ် ဆောင်ရွက်ရတယ်ဆိုတာလည်း အားလုံးနားလည်မှာဖြစ်ပါတယ်။ အဲဒီနည်းတူပဲ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့လည်း လွှတ်တော်ကာလအတွင်းမှာ ဆောင်ရွက်တဲ့ အချိန် အတိုင်းအတာဟာ ဤကာလအတွင်း လုံလောက်မှုရှိ၊မရှိ။ တချို့ဆိုရင်မလုံလောက်တဲ့အတွက် လွှတ်တော်အစည်းအဝေး ကျင်းပပြီးတဲ့အချိန်တွေမှာလည်း အချိန်ပိုလုပ်နေရတာဖြစ်သလို တချို့ လည်း ရုံးပိတ်ရက်များမှာ ဆောင်ရွက်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ လွှတ်တော် ကော်မတီများအနေနဲ့လည်း လွှတ်တော်ရပ်နားတဲ့အချိန်မှာ မည်ကဲ့သို့ မည်မျှလောက် ဆောင်ရွက် နေတယ်ဆိုတာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်များ ကျေပွန်ဖို့ အဓိကတာဝန်ရှိသူမှာ လွှတ်တော်ဥက္ကဋ္ဌရဲ့တာဝန်လို့ခံယူထားပါတယ်။ ဒါကြောင့်မို့လို့ မည်သည့်ရက်၊ မည်ရွေ့မည်မျှ အထိဆောင်ရွက်မယ်ဆိုတဲ့အပိုင်းကတော့ လုပ်ငန်းအခြေအနေနှင့် လွှတ်တော်ရဲ့အခြေအနေပေါ်မှာ မူတည်တယ်လို့ပဲပြောရမှာဖြစ်ပါတယ်။ ဒါဖြင့်ရင် ကျွန်တော်တို့ ပေါ်ပေါက်လာတဲ့ လွှတ်တော်ရဲ့ တိုတောင်းတဲ့သမိုင်းကြောင်းလေး ကျွန်တော်တို့ ပြန်ကြည့်ဖို့ လိုပါ တယ်။ ပထမအကြိမ် လွှတ်တော် ပုံမှန်အစည်းအဝေးမှာ စစချင်း ကျွန်တော်တို့ လွှတ်တော်ကို လက်ညှိုးထောင် ခေါင်းညိတ် လွှတ်တော်လို့ ဝိုင်းဝန်းပြောဆိုကြတာရှိခဲ့ပါတယ်။ အဲဒီအတိုင်းပဲ လွှတ်တော်ကျင်းပတဲ့ ရက်မှာလည်း ၁၅ မိနစ်မှ မိနစ် ၃၀ အထိပဲ ရှိတဲ့အတွက် ၁၅ မိနစ်လွှတ်တော်လို့ ဝိုင်းဝန်းခေါ်ဆိုသမုတ်ရှုပ်ချတာတွေလည်း ရှိခဲ့ပါတယ်။ ပထမအကြိမ် ဒုတိယပုံမှန်အစည်းအဝေး ရဲ့နောက်ပိုင်း လွှတ်တော်များရဲ့ ဆောင်ရွက်ချက်တွေကို ကြည့်ပြီးတော့ အခုမှပဲ လွှတ်တော်နဲ့ တူလာ တယ်။ ပြီးတဲ့အခါ အမေရိကန်လို အခြားနိုင်ငံကြီးများအနေနဲ့လည်း ရာဘာစတန့် လွှတ်တော် မဟုတ် တော့ဘူး။ တကယ်ကို ပီပီပြင်ပြင်ဆောင်ရွက်နေတယ်။ ဒီလိုတောင်မထင်ခဲ့ဘူးဆိုတဲ့ အနေအထားမျိုး တွေထိ လွှတ်တော်အပေါ် သုံးသပ်ခဲ့ပါတယ်။ ဒီနောက်ပိုင်းတော့ နိုင်ငံတကာက မြန်မာနိုင်ငံ လွှတ်တော်များက တကယ့်လွှတ်တော်ကို ပီပီပြင်ပြင်ဆောင်ရွက်ပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ အဓိကအခန်း ကဏ္ဍကပါဝင်နေတယ်ဆိုတဲ့ ဂုဏ်ပြုချီးကျူးစကားများလည်း ကြားရှိခဲ့ရပါတယ်။ ဂုဏ်ပြုမှုထက် ကျွန်တော်နဲ့ လွှတ်တော်ကိုယ်စားလှယ်များက လိုလားတာကတော့ ပြည်သူများရဲ့

ပေးလိုက်တဲ့တာဝန်တွေကို ကျေပွန်စွာဆောင်ရွက်နေပြီဆိုတဲ့ ပြည်သူများရဲ့အသိအမှတ်ပြုခံယူလိုမှုဟာ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုလွှတ်တော် ကျင်းပစအချိန်မှာ ခုနက ဦးဝင်းမြင့် တင်ပြသလိုအချိန်ကို သတ်သတ်မှတ်မှတ် ဆောင်ရွက်နိုင်ခြင်းမရှိဘူးဆိုတာလည်း ဒါဝန်ခံရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတဲ့အခါမှာ ပြီးခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲ ဧပြီလ ၁ ရက်နေ့မှာ ကျင်းပပြီးနောက်လွှတ်တော် ရပ်နားမယ့်အချိန် ကျွန်တော်တို့ ရပ်နားဖို့ မပြုလုပ်နိုင်ခဲ့ပါဘူး။ အကြောင်းကတော့ ရွေးကောက်ပွဲ ဝင်ရောက်ပြီး အနိုင်ရရှိလာတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများဟာ လွှတ်တော်ကိုလာရောက် သတင်းပို့မှသာလျှင် လွှတ်တော်ရဲ့ တရားဝင်ကိုယ်စားလှယ်များ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ် ပြီးတော့ ကျွန်တော်တို့လွှတ်တော်နဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ဘက်က လိုလားပါတယ်။ ဒါကြောင့်မို့လို့ အမှန်အတိုင်းဝန်ခံပြောဆိုရမယ်ဆိုရင်တော့ ပြီးရမယ့်ရက်ကိုအချိန်ဆွဲ ပြီးတော့ လက်လှမ်းကြိုခဲ့တာလည်းဖြစ်ပါတယ်။ အလားတူပဲ မထင်မှတ်ဘဲနဲ့ ပေါ်ပေါက်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကိစ္စဟာလည်း ကျွန်တော်တို့ မူလမျှော်မှန်းထားတာထက်လွှတ်တော်ကို အချိန်ယူဆောင်ရွက်ပေးရပြီးတော့ အဲဒီမှာလည်း အချိန်တွေများစွာ အသုံးပြုရတာ ရှိပါတယ်။ ဒါကို ပြန်လည်တင်ပြခြင်းဟာ လွှတ်တော်ကို အချိန်ကာလ သတ်မှတ်ပြီးဆောင်ရွက်ဖို့တော့လိုတယ်။ သို့ရာတွင် တိတိကျကျတော့ ဆောင်ရွက်လို့မရနိုင်သေးဘူး။ လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်များကျေပွန်အောင် အခြေအနေအရပ်ရပ်သုံးသပ်ပြီး ဆောင်ရွက်သွားဖို့လိုတယ်ဆိုတာကို ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ဦးဝင်းမြင့်တင်ပြတာနဲ့ပတ်သက်ပြီးတော့ ၆ လဆိုတဲ့နေရာမှာ အဓိကကတော့ လွှတ်တော် ပြက္ခဒိန်ရရှိရေးကို ဦးတည်ပါတယ်။ ၆ လဆိုတာ တိတိကျကျမဟုတ်ပါဘူးဆိုတဲ့ သဘောလည်းကြားလိုက်ရပါတယ်။ ကျွန်တော်လည်း ဖြစ်ပေါ်လာတဲ့ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးတော့ အခု ပထမအကြိမ် ပဥ္စမပုံမှန်အစည်းအဝေးကစပြီးတော့ ကျင်းပတဲ့ရက်ကိုပဲ သတ်မှတ်ပြီး သတ်မှတ်ချက်အပေါ်ဘောင်ဝင်အောင် ဆောင်ရွက်ထားတာရှိပါတယ်။ ဒါကိုလည်း ကျွန်တော် အခု လွှတ်တော်မှာတင်ပြပြီး ဒါကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ ကိုယ့်အချိန်ကိုခန့်မှန်းနိုင်အောင် ထုတ်ပြန်ကြေညာပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး အမျိုးသားလွှတ်တော်ရော၊ ပြည်ထောင်စုလွှတ်တော်ရော ပါပါတယ်။ အောက်တိုဘာလ ၁၈ ရက်နေ့မှာ စတင်ကျင်းပပြီးတော့ နိုဝင်ဘာလ ၂၇ ရက်နေ့မှာ ပြီးဆုံးမယ်လို့ လျာထားသတ်မှတ်ပါတယ်။ ဒါလျာထားချက်ပါ။ သို့ရာတွင် ခုနက မမျှော်လင့်သောအကြောင်းများ ပေါ်ပေါက်လာရင်တော့ ဒီထက်လည်းပိုကြာရင်ကြာပါမယ်။ ဒီအပိုင်းကျတဲ့အခါကျတော့လည်း အခြေနေအရပ်ရပ်ပေါ် မူတည်

ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌများ ညှိနှိုင်းဆောင်ရွက်ရမယ့် ကိစ္စဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်အတွက်ကျင်းပမယ့်ရက် အားလုံးစုစုပေါင်း ၂၆ ရက်လျာထားပါတယ်။ ပြည်ထောင်စုလွှတ်တော်ကိုတော့ ၁၁ ရက်ကျင်းပမယ်လို့ ကျွန်တော်တို့ လျာထားပါတယ်။ ဒီကြားထဲမှာ နေ့ရက်အချိန်အခါပေါ်မူတည်ပြီးတော့ အောက်တိုဘာလ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁ ရက်တွေကိုတော့ လွှတ်တော်ခဏရပ်နားတယ်ဆိုတဲ့ စကားမဟုတ်ဘဲနဲ့ ခဏရုံးပိတ်ရက်အဖြစ် သတ်မှတ်ပြီးတော့ ကျန်တဲ့ရက်တွေကတော့ ရုံးပိတ်ရက်ပေါ်အခြေခံပြီး နေ့စဉ်နေ့စဉ် ဆောင်ရွက်သွား ဖို့ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ လွှတ်တော်ရဲ့အတွေ့အကြုံ၊ နိုင်ငံတကာလွှတ်တော်များရဲ့ အတွေ့အကြုံပေါ်မူတည်ပြီးတော့ ကျွန်တော်တို့လွှတ်တော်မှာ ဆောင်ရွက်နေတဲ့ဟာတွေလည်း အားလုံးပြန်လည်သိရှိအောင် ကျွန်တော်တင်ပြလိုပါတယ်။ ခုနက ဦးဝင်းမြင့် တင်ပြသွားတာကတော့ လွှတ်တော်ကျင်းပတဲ့ရက် အနည်းဆုံးနိုင်ငံများကိုဖော်ပြသွားပါတယ်။ အမှန်ကတော့ ဒီထက်နည်းတဲ့ နိုင်ငံတွေလည်းရှိပါတယ်။ တရုတ်နိုင်ငံလို၊ လာအိုနိုင်ငံလို၊ ဗီယက်နမ်နိုင်ငံလို လွှတ်တော်ကျင်းပတဲ့ ရက်က ခုနကရက်ထက်ပိုပြီးနည်းပါတယ်။ သို့ရာတွင် ကျွန်တော်တို့ ရောက်ရှိခဲ့တဲ့ အိန္ဒိယနိုင်ငံမှာဆိုရင် လွှတ်တော်ကျင်းပတဲ့ရက်ကာလ ၈ လ နည်းနည်းစွန်းပါတယ်။ တစ်ခါ လွှတ်တော်များရဲ့ မိခင်၊ လွှတ်တော်များရဲ့ဖခင်ဆိုတဲ့ အင်္ဂလန်နိုင်ငံမှာရှိတဲ့ လွှတ်တော်ကလည်း ခုနက အိန္ဒိယနိုင်ငံမှာ ကျင်းပတဲ့ လွှတ်တော်ရက်ကာလ ပတ်ဝန်းကျင်မှာပဲရှိပါတယ်။ ထူးခြားတာကတော့ အင်္ဂလန်နိုင်ငံရဲ့ ပါလီမန်ဟာ သောကြာနေ့ နေ့လယ်ပိုင်းမှာ လွှတ်တော်က ကိုယ်စားလှယ်များဟာ လွှတ်တော်ကနေ ထွက်ခွာပြီးတော့ မိမိတို့ရဲ့နယ်မြေများပြန်ပြီးတော့ ပြည်သူများနဲ့ထိတွေ့ပါတယ်။ သူတို့အခေါ်တော့ ဆာဂျရီလို့ ခေါ်ပါတယ်။ ကျွန်တော်တို့ ဆာဂျရီဆိုတာက Medical တန်းအရတော့ ခွဲစိတ်တာပေါ့။ သူတို့က ဆာဂျရီဆိုတာ သက်ဆိုင်ရာလွှတ်တော်နယ်မြေမှာရှိတဲ့ ပြည်သူများနဲ့ထိတွေ့ပြီးတော့ ဒီနေ့ ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့သဘောထားကို လွှတ်တော်ကိုယ်စားလှယ်များလေ့လာပြီးတော့ လာမယ့် တနင်္လာနေ့၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး နေ့များမှာရှိတဲ့ လွှတ်တော်တွေမှာ ပြန်လည်တင်ပြဖို့အတွက် ပြည်သူများရဲ့အသံ၊ ပြည်သူများရဲ့ဆန္ဒ၊ သဘောထားရယူပြီးတော့ လွှတ်တော်တွေမှာ တင်ပြခြင်းပဲဖြစ်ပါတယ်။ ပြောမယ်ဆိုလို့ရှိရင်တော့ သူတို့နိုင်ငံက ကြာလည်းကြာခဲ့ပြီ။ ဒီအကြောင်းတွေလည်း အားလုံးနားလည်သဘောပေါက်တဲ့အတွက် ဒီနေ့ ပြည်သူ့ရဲ့သဘောထား၊ ပြည်သူ့ရဲ့ဆန္ဒကို ၂ ရက်၊ ၃ ရက်အတွင်းမှာ လွှတ်တော်တွေကို ပြန်ရောက်ပြီးတော့ လွှတ်တော်တွေကမှတစ်ဆင့် သက်ဆိုင်ရာနဲ့ ညှိနှိုင်းတိုင်ပင်ဆွေးနွေးနိုင်မယ့်အဆင့်မျိုးကို ဆောင်ရွက်နိုင်မယ့် အနေအထားရှိ

ကြောင်း တွေ့ရပါတယ်။ အဲဒီနည်းတူပဲ အဲဒီနိုင်ငံတွေမှာရှိကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေမှာ လွှတ်တော်ရုံး၊ လွှတ်တော်ကိုယ်စားလှယ်ရုံးများဖွဲ့စည်းထားပါတယ်။ လွှတ်တော်ကြီးမှာလည်း လွှတ်တော်ကိုယ်စားလှယ်တွေအတွက် ရုံးဖွဲ့စည်းထားပါတယ်။ Staff တွေလည်း ပေးထားပါတယ်။ အဲဒီအတိုင်းပဲ သူရဲ့နယ်မြေမှာလည်း လွှတ်တော်ရုံးဖွဲ့ထားပါတယ်။ လွှတ်တော်ရုံးမှာ လွှတ်တော် ကိုယ်စားလှယ်ရုံးလို့ ပြောရင်ပိုပြီးတော့ပြည့်စုံပါတယ်။ အဲဒီ လွှတ်တော်ကိုယ်စားလှယ်ရုံးမှာလည်း သက်ဆိုင်ရာ ဒေသမှာရှိကြတဲ့ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ရုံးမှာလာရောက်ပြီးတော့ သတင်း ပို့ခြင်း၊ ဆွေးနွေးခြင်း၊ တင်ပြခြင်းကိစ္စများကို လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့ကာလမှာသည်ပင်လျှင် ဒီရုံးမှာလာရောက်တင်ပြနိုင်တဲ့ အခွင့်အလမ်းတွေရှိပါတယ်။ ဒါကြောင့် ဒီနိုင်ငံ၊ ဒီအတွေ့အကြုံတွေ ပေါ်မူတည်ပြီးတော့ အဲဒီတုန်းကတော့ အင်္ဂလန်နိုင်ငံမပါပေ့လေ။ ကျန်တဲ့နိုင်ငံတွေပေါ်မူတည် ပြီးတော့ ကျွန်တော်တို့လွှတ်တော်မှာမူလပြဋ္ဌာန်းရေးဆွဲထားတဲ့ လွှတ်တော်ဥပဒေ၊ ပြည်သူ့လွှတ်တော် ဥပဒေရှိတယ်။ အမျိုးသားလွှတ်တော်ဥပဒေရှိတယ်။ ပြည်ထောင်စုလွှတ်တော်ဥပဒေရှိတယ်။ ဒီဥပဒေ တွေကို ပြန်လည်ရေးဆွဲပြီးတော့ လွှတ်တော်ရုံးများ၊ ပြီးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့ သက်ဆိုင်ရာနယ်မြေမှာ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်း များနှင့်တိုင်ပင်ပြီးတော့ မိမိနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်ပင်ညှိနှိုင်းနိုင်အောင်၊ ဆောင်ရွက် ပေးနိုင်အောင် အချက်အလက်တွေပါဝင်ဖို့ ကျွန်တော်တို့ ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါလည်း ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေ ဦးဆောင်ပြီးတော့ ဥပဒေပြဋ္ဌာန်းခဲ့ပါတယ်။ ဒီပေါ်မူတည်ပြီး တော့ အမျိုးသား လွှတ်တော်ကလည်း ဥပဒေပြဋ္ဌာန်းပါတယ်။

ဒီဥပဒေပြဋ္ဌာန်းချက်ကို ပြည်ထောင်စုလွှတ်တော်ကတစ်ဆင့် နိုင်ငံတော်သမ္မတဆီကိုပေးပို့တဲ့ အခါမှာ နိုင်ငံတော်သမ္မတဆီကနေပြီးတော့ ပြန်ပြီးတော့ မှတ်ချက်တွေနဲ့ပြန်ရောက်လာပါတယ်။ ရောက်တဲ့နေရာမှာ ခုနက ကျွန်တော်တင်ပြတဲ့ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးတွေကို ကန့်သတ်ထားတဲ့အဓိပ္ပာယ်တွေပါဝင်တဲ့အတွက် ဒီဥပဒေကို ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က ပြန်လည်သုံးသပ်ပြီး တင်ပြဖို့ ရှိတဲ့အချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးရဲ့ ဆုံးဖြတ်ချက်အရ ရှေ့တိုးဆောင်ရွက်မယ့်ကိစ္စမှာ ရှေ့တိုးဆောင်ရွက်မယ်ဆိုရင် ဘယ်လိုမှ ဆောင်ရွက်လို့မရနိုင်တဲ့အတွက် ဒီဟာကျွန်တော်တို့လက်ဝယ်မှာ ထားတဲ့အနေအထား ရှိပါတယ်။ အဲဒါကြောင့်သည်ပင်လျှင် ဒီနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကိစ္စဟာ တဖြည်းဖြည်း တဖြည်းဖြည်းကြီးထွားလာပြီးတော့ နောက်ဆုံး ကျွန်တော်တို့ မဖြစ်စေချင်တဲ့ကိစ္စ ဖြစ်သွားခြင်း ဖြစ်ပါ

တယ်။ ဒါကျွန်တော်ရှင်းလင်းတင်ပြခြင်းဟာ ဒီနေ့ ကျွန်တော်တို့ လွှတ်တော်မှာ လွှတ်တော်ရဲ့လုပ်ငန်းတာဝန်တွေ ကျေပွန်အောင်ဆောင်ရွက်ဖို့ဆိုလို့ရှိရင် လွှတ်တော်မှာ လွှတ်တော်အနေနဲ့ကော၊ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ကော ဆောင်ရွက်ရမယ့် တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေးတွေကို ဥပဒေအရ သတ်မှတ်ဖို့လိုပါတယ်။ ဥပဒေအရသတ်မှတ်ပြီး ဥပဒေအရ ဆောင်ရွက်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဥပဒေပေါ်ပေါက်လာဖို့ဆိုရင် ကျွန်တော်တို့ လိုအပ်တဲ့အချိန်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအခြေအနေမျိုးမှာ လွှတ်တော်နဲ့ပတ်သက်ပြီးတော့ အချိန်ဘယ်လောက်ပဲလုပ်ရမယ်ဆိုတဲ့ ကန့်သတ်ချက်တစ်ခုကို ကျွန်တော်ဥက္ကဋ္ဌကနေပြီးတော့ ခွင့်ပြုလိုက်မယ်ဆိုလို့ရှိရင် ဒီဟာသည်ကိုယ့်ကိုကိုယ်ပြန်ပြီးတော့ လွှတ်တော်ကိုပြန်ပြီးတော့ ချုပ်ခြယ်ပြီးတော့ လွှတ်တော်အနေနဲ့ လုပ်ရမယ့်လုပ်ငန်းတာဝန်များ ကျေပွန်ချင်မှ ကျေပွန်မယ် ဆိုတဲ့အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင် ဦးဝင်းမြင့်အနေနဲ့ ကျွန်တော်တို့ရဲ့ အထူးသဖြင့် ကျွန်တော့်ရဲ့သဘောထားကို ဒီလောက်ဆိုရင်တော့ သိမယ်လို့ထင်ပါတယ်။ ပြီးတဲ့အခါမှာ တကယ်လိုအပ်တဲ့လွှတ်တော် Calendar ကိုလည်း ကျွန်တော်တို့ဘက်က ရက်တော့၊ ကာလတော့ အတိအကျမဟုတ်ပေမယ့် ကျွန်တော်ပြန်တွက်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ညှိနှိုင်းထားတဲ့ပေါ်မှာ ဒီ ၆ လ ပတ်ဝန်းကျင်၊ ၇ လပတ်ဝန်းကျင် ဒီလောက်တာ့ လက်ရှိအခြေအနေမှာ လုပ်နိုင်ဖို့အနေအထား ရှိပါတယ်။ သို့ရာတွင် ဒီဟာသည်လည်းအခြေအနေပေါ်မှာတည်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် လွှတ်တော်ကျင်းပတိုင်းကျင်းပတိုင်း လွှတ်တော်ကိုယ်စားလှယ် တွေပင်ပန်းတာထက် လွှတ်တော်ဥက္ကဋ္ဌ ပိုပြီးတော့ ပင်ပန်းတဲ့သဘောရှိပါတယ်။ ကျွန်တော် အပင်ပန်းခံရမှာကြောက်လို့ မဟုတ်ပါဘူး။ ကျွန်တော်တို့တာဝန်မကျေမှာပဲ စိုးရိမ်ပါတယ်။ ဒီပေါ်မူတည်ပြီးတော့ စတင်အဆိုတင်သွင်းတဲ့ ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်ရဲ့သဘောထား ကျွန်တော်သိလိုပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးက အခုလို အသေးစိတ် ရှင်းလင်းပြတဲ့အတွက် ကျေးဇူးအထူးပင်တင်ရှိပါတယ်။ ကျွန်တော်တို့ ခုနက စမယ့်ရက်၊ ဆုံးမယ့်ရက် ခန့်မှန်းခြေသိခွင့်ရတာရယ်၊ နောက်တစ်ခုက ၇ လပတ်ဝန်းကျင်လောက် ခန့်မှန်းထားတာသိရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီဟာနဲ့ပတ်သက်လို့ အဆိုကိုတော့ မှတ်တမ်းတင်ပေးထားရန်တော့ ကျွန်တော် ဆန္ဒရှိပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုလိုအဆိုနှင့်ပတ်သက်ပြီးတော့ မေးမြန်းလိုက်တဲ့အတွက်လည်း မူလကတည်းကကျွန်တော်က လွှတ်တော်ကို ဒီကိစ္စရှင်းလင်းတင်ပြဖို့ ရှိတဲ့နေရာမှာ အခုလို အဆိုတင်သွင်း

တဲ့အတွက်လည်း ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြနိုင်တဲ့အတွက်လည်း ဒီလိုတင်ပြတဲ့အတွက်လည်း ကျွန်တော်ကျေးဇူးတင်ပါတယ်။ ကျွန်တော်ရှင်းလင်းရတဲ့အတွက်လည်း ကျွန်တော်တို့ရဲ့လွှတ်တော်ရဲ့အခြေအနေကို အားလုံးသိရှိသွားတဲ့အတွက်လည်း ကျွန်တော်ဝမ်းသာပါတယ်။ ဒါကြောင့် ဦးဝင်းမြင့် အဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်မှာ မှတ်တမ်းထားရှိ ဆောင်ရွက်သွားမှာဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီဟာသည်ပင်လျှင် ကျွန်တော်တို့က အဆိုတစ်ခုဖြစ်လာပြီ တင်မယ်ဆိုလို့ရှိရင် ဒီအဆိုဟာ တစ်ရက်ကျော်ကျော် နှစ်ရက်လောက် အချိန်ပေးရမယ့်အစား အချိန်သက်သာသွားခြင်းဖြစ်ပါတယ်။ ကျန်တဲ့ကျန်တဲ့အဆိုတင်ထားတဲ့ ပုဂ္ဂိုလ်များကိုလည်း ကြိုတင်အသိပေးခြင်း ဖြစ်ပါတယ်။ တချို့အဆိုနဲ့ပတ်သက်လို့ ကျွန်တော်မှတ်ထားတာတွေရှိပါတယ်။ မလိုအပ်ဘဲနဲ့ အဆိုမတင်ပါနဲ့။ ဒီအဆိုအစား မေးခွန်းမေးလိုက်သည်ပင်လျှင် ခုနက ကတိကဝတ်တွေရလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ မိမိတို့ တင်ထားတဲ့အဆိုများကို ပြန်လည်သုံးသပ်ပြီးတော့ အဆိုကနေမေးခွန်းအထိ ပြောင်းလိုက်မယ်ဆိုလို့ရှိရင် အများဆုံးကြာရင် မိနစ် ၂၀ နဲ့ ၃၀ အတွင်းမှာ မိမိရဲ့တင်ပြချက်ဟာ ပြောမယ်ဆိုရင် ကိုယ့်ဒေသမှာရှိတဲ့ ပြည်သူတွေ ပြန်ကြားပြန်မြင်သွားမှာဖြစ်သလို မိမိရဲ့လုပ်ငန်းတာဝန်လည်း ကျေမှာဖြစ်ပါတယ်။ ဒီနေ့လည်း ဘာပဲဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူ့အတွက် ကျွန်တော်တို့၊ ကျွန်မတို့ ဒီလိုတင်ပြပါတယ်ဆိုတာကို Sky Net ကသော်လည်းကောင်း၊ အခြားကသော်လည်းကောင်း ဒီလိုမြင်ဖို့ လိုတယ်ဆိုတဲ့ အယူအဆ နဲ့တင်ပြနေတာလည်းရှိပါတယ်။ ဒါလည်းမှန်ပါတယ်။ သို့ရာတွင် မလိုအပ်ဘဲနဲ့ အချိန်တွေကို ကျွန်တော်တို့ မဖြုန်းမိဖို့ မသုံးမိဖို့ ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်ကြောင်းဖြင့် ထပ်လောင်းတင်ပြခြင်းဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ တင်ပြခြင်းအစီအစဉ် ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည် ပြုချက်ဖြင့် ပေးပို့သော ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံ ကြယ်ငါးပွင့်သဘော်လုပ်ငန်း ကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံကြယ်ငါးပွင့်သဘော်လုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ၃၁-၇-၂၀၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီရဲ့အစီရင်ခံစာကို ၁၇-၈-၂၀၁၂ ရက်နေ့မှာ လွှတ်တော်သို့ တင်သွင်းခဲ့သည့် ပြင်ဆင်ချက် မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အပေါ် ပြင်ဆင်ချက်အဆို တင်သွင်းရန် သတ်မှတ်ထားတဲ့ ၁၀-၈-၂၀၁၂ ရက်နေ့ (တနင်္လာနေ့)အထိ ဥပဒေကြမ်းကော်မတီအပါအဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းခြင်းမပြုတဲ့အတွက် ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံ ကြယ်ငါးပွင့်သဘော်လုပ်ငန်း ကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း အမျိုးသား လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံကြယ်ငါးပွင့်သဘော်လုပ်ငန်း ကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံကြယ်ငါးပွင့်သဘော်လုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော နိုင်ငံတော်၏ တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်၏ တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနဲ့ အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ၈-၈-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ၂၀-၈-၂၀၁၂ ရက်နေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များ ထံဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းရန် သတ်မှတ်ထားတဲ့ ၂၃-၈-၂၀၁၂ ရက် (ကြာသပတေးနေ့)အထိ ဥပဒေကြမ်းကော်မတီအပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းခြင်းမပြုသည့်အတွက် နိုင်ငံတော်၏တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနဲ့ အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်၏တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနဲ့ အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် နိုင်ငံတော်၏တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနဲ့ အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်

ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည် ပြုချက်ဖြင့် ပေးပို့သော ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်း များ ကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ၈-၈-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ၂၀-၈-၂၀၁၂ နေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းရန် သတ်မှတ်ထားတဲ့ ၂၃-၈-၂၀၁၂ ရက် (ကြာသပတေးနေ့) အထိ ဥပဒေကြမ်းကော်မတီ အပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းခြင်းမပြုတဲ့အတွက် ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည် ပြုချက်ဖြင့် ပေးပို့သော မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ မြေသိမ်း(သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှာစတင်တင်သွင်းပြီး ၂၁-၈-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ၃-၉-၂၀၁၂ ရက်နေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းရန် သတ်မှတ်ထားတဲ့ ၃၁-၈-၂၀၁၂ ရက် (သောကြာနေ့)အထိ ဥပဒေကြမ်း ကော်မတီအပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း မပြုတဲ့အတွက် မြေသိမ်း(သတ္တုတွင်းများ)အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြေသိမ်း(သတ္တုတွင်းများ)အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**[**သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြေသိမ်း (သတ္တုတွင်းများ)အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြု ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ ပြည်သူ့လွှတ်တော်ရဲ့ ဒီနေ့အစီအစဉ်ကို ဒီမနက်ပိုင်းမှာပဲ ပြီးဆုံးပါမယ်။ ကျန်တဲ့နေ့လယ်ပိုင်းမှာတော့ လွှတ်တော်ရေးရာ လွှတ်တော်ကော်မတီများနဲ့ အခြားကိစ္စရပ်များ

အတွက် ညှိနှိုင်းဖို့ အချိန်ပေးခြင်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မနက်ဖြန်(သောကြာနေ့) အစည်းအဝေးကိုလည်း မနက်ပိုင်းမှာ ပြီးဆုံးအောင် ဆောင်ရွက်ပြီး နေ့လယ်ပိုင်းမှစတင်ပြီး လာမယ့်(တနင်္လာနေ့)မှာတော့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ရှိပါတယ်။ အဲဒီအတွက် လိုအပ်တာများ ကြိုတင်ပြင်ဆင်နိုင်အောင် ထပ်မံအသိပေး ခြင်း ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင် ပါပြီခင်ဗျား။

**[ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၂း၄၀ နာရီတွင် ရပ်နားပါသည်။]**